# တိုင်းရင်းသားကျန်းမာရေးစနစ်အဆင့်မြှင့်တင်ခြင်း
# အဖွဲ့

## လူ့စွမ်းအားအရင်းအမြစ်လမ်းညွှန် နှင့်
## လုပ်ထုံးလုပ်နည်းများ

တည်းဖြတ်-၂၀၁၇

## ဤမှတ်တမ်း၏နောက်ခံသမိုင်းအကြောင်းအရာ

၂၀၁၄ခုနှစ်တွင်ထိလွယ်ရှလွယ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုပေါ် ပေါက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံအခြေစိုက် ကျန်းမာရေးဂန်ဆောင်မှုပေးသော အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ (IRC)နှင့် ၎င်း၏မိတ်ဖက်အဖွဲ့ အစည်းများသည် အတူတစ်ကွပူးပေါင်း၍ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကျန်းမာရေးစနစ်အား အဆင့်မြင့်တင်နိုင်သော အခွင့်အလမ်းကို တွေ့ရှိခဲ့ကြသည်။

ပထမအဆင့်အနေဖြင့် UNHCR၏ ထိန်းညှိအမှတ်ပေးကတ်များကိုအသုံးပြု၍ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ အကဲဖြတ်ခြင်းကို ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ထိုအကဲဖြတ်မှုများအပေါ် အခြေခံ၍ ကျွန်တော်တို့ အနေဖြင့် ကျန်းမာရေးစနစ်အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် လိုအပ်မှုများကို ကောင်းစွာသဘောပေါက် နားလည်ခဲ့ပါ သည်။ ၂၀၁၅ ခုနှစ်တစ်လျှောက်လုံး မိတ်ဖက်အဖွဲ့အစည်း (၈)ဖွဲ့ သည် ဦးဆောင်ကော်မတီဖွဲ့စည်းရန်နှင့် ကျန်းမာရေး စနစ်အဆင့်မြှင့်တင်မှုစီမံကိန်း(HSS)ကို စတင်အကောင်အထည်ဖော်ရန်အတွက် အခြေခံဖွဲ့စည်းပုံနှင့်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးပွဲများအား ပြုလုပ်ခဲ့ကြသည်။

ဦးဆောင်ကော်မတီတွင်ပါဝင်သော မိတ်ဖက်အဖွဲ့အစည်း(၈)ဖွဲ့မှာ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT)၊ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA)၊ ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတတ်ရေးကွန်ယက် (ကရင်နီ) (CHDN)၊ ကရင့်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန (KDHW)၊ မယ်တော်ဆေးခန်း (MTC)၊ မြန်မာနိုင်ငံအခြေပြု ကျန်းမာရေးဂန်ဆောင်မှု (BBHS)၊ မွန်အမျိုးသားကျန်းမာရေးကော်မတီ (MNHC)၊ ပအိုဝ်ကျန်းမာရေးလုပ်ငန်း ကော်မတီ (PHWC)နှင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (SSDF)တို့ ဖြစ်ကြပါသည်။

၂၀၁၅ခုနှစ်နှောင်းပိုင်းတွင် မိတ်ဖက်အဖွဲ့အစည်း (၈)ဖွဲ့သည် အခြေခံဖွဲ့စည်းပုံအား လက်မှတ်ရေးထိုးခဲ့ပြီး နည်းဗျူဟာ အစီအစဉ်အား ၂၀၁၆ခုနှစ်အတွက်ရေးသားထားသော ဆောင်ရွက်မှုအစီအစဉ်ဖြင့် ပုံဖော်ရေးဆွဲခဲ့ကြသည်။ မြန်မာနှင့် အင်္ဂလိပ်စာ နှစ်ဘာသာဖြင့် ကျယ်ပြန့်စွာထုတ်ဝေခဲ့သည်။ ဤစီမံကိန်းသည် တိုင်းရင်းသားကျန်းမာရေးစနစ် အဆင့်မြှင့်တင်မှုအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖွဲ့စည်းမှုတွင်ပါဝင် သည့် ကဏ္ဍ(၆)ခုဖြစ်သော ၁) အုပ်ချုပ်မှုနှင့်ခေါင်းဆောင်မှု၊ ၂) ကျန်းမာရေးသတင်းအချက်အလက်စနစ်၊ ၃) ကျန်းမာရေးအသုံးစရိတ်၊ ၄) လူ့စွမ်းအား အရင်းအမြစ်၊ ၅) မရှိ မဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များ နှင့် နည်းပညာများ၊ ၆) ကျန်းမာရေးဂန်ဆောင်မှုပေးခြင်းလုပ်ငန်းစသည်တို့အပေါ် တွင်အခြေခံ၍ အထောက်အပံ့ ပေးသည်။ မှတ်တမ်း၏ ရည်ရွယ်ချက်မှာ အဖွဲ့ဂင်အားလုံးကို လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးရန်စံနှုန်းများအား အသေးစိတ်ညွှန်ကြားရန် ဖြစ်သည်။ ၎င်းမှတ်တမ်းသည် လုပ်ဆောင်ချက်များနှင့် မိမိတို့၏ဒေသတွင် ထိရောက်သော ဂန်ဆောင်မှုများပေးနိုင်ရန်အတွက် ကျန်းမာရေးလုပ်သားများ၏ အခွင့်အရေးအပေါ် အုပ်ချုပ်မှုတို့အား လမ်းညွှန်ပြ သပေးလျက်ရှိသည်။ ပါဝင်သောအဖွဲ့ဂင်များ၏ ကွဲပြားသောအခန်းကဏ္ဍများနှင့် ဂန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ကြောင့် ၎င်းတို့၏ ကိုယ်ပိုင်မတူကွဲပြားသော လူ့အရင်းအမြစ်မူဝါဒအသေးစိတ်အား ကျင့်သုံးကြမည် ဖြစ်သည်။

ဤမူဝါဒများသည် -

၁။ ကျန်းမာရေးလုပ်သားများအားအကာအကွယ်ပေးခြင်းနှင့် ခံစားပိုင်ခွင့်တို့အားစံနှုန်းနှင့်ကိုက်ညီစေရန်။

၂။ အထူးလေ့ကျင့်ထားသည့်ကျန်းမာရေးလုပ်သားများနှင့် စီမံခန့်ခွဲရေးဂန်ထမ်းများအတွက် တာဂန်ဂတ္တ ရားများနှင့် အနိမ့်ဆုံးလိုအပ်သောအရည်အချင်းများ သတ်မှတ်ရန်။

၃။ လုပ်သားမြဲမြံစေရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးသည့်နည်းလမ်း များအားရှင်းရှင်းလင်း လင်းဖော်ပြရန်။

၄။ ကျန်းမာရေးလုပ်သားများနှင့် အကူအညီပေးသည့်ဂန်ထမ်းများအတွက် ကျင့်ဂတ်စည်းကမ်းများ ရေးဆွဲရန် စသည်တို့အတွက် ရည်ရွယ်ပါသည်။

## တိုင်းရင်းသားကျန်းမာရေးစနစ် အဆင့်မြှင့်တင်မှုစီမံကိန်းရှိ ကျန်းမာရေးစနစ် အဆင့်မြှင့်တင်မှု ဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့၏ အခန်းကဏ္ဍ

- စံသတ်မှတ်ချက် - ဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့သည် များစွာသောဖွံ့ဖြိုးတိုးတတ်ရေး နယ်ပယ်များနှင့် ကဏ္ဍများတွင် မိတ်ဖက်အဖွဲ့အစည်းများအား စံသတ်မှတ်ချက်နှင့် ပါတ်သတ်၍ အကြောင်းပြန်သည့် လုပ်ငန်းစဉ်ကို စတင်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း စသည်တို့ကို ပြုလုပ်ရမည်။
- နည်းပညာဆိုင်ရာအထောက်အပံ့ - မိတ်ဖက်အဖွဲ့အစည်းများသို့ အချိန်မှန်၊ ပုံမှန် နည်းပညာဆိုင်ရာ အထောက်အပံ့များပေးအပ်ရမည်။
- စုပေါင်းလုပ်ဆောင်မှုများအား စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း - မိတ်ဖက်အဖွဲ့ အစည်းများအကြား သို့မဟုတ် ကျန်းမာရေးစနစ်တိုးမြှင့်ခြင်းလုပ်ဆောင်ချက်များမှတစ်ဆင့် ပူးပေါင်းလုပ်ဆောင်မှုများအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း သို့မဟုတ် တစ်စိတ်တစ်ဂမ်း တည်းဖြစ်အောင် စုစည်းပေးခြင်းများပြုလုပ်ရမည်။

## ဤမှတ်တမ်းအားမည်သို့အသုံးပြုရမည်နည်း။

ဤမှတ်တမ်းသည် တိုင်းရင်းသားကျန်းမာရေးစနစ်အလုံးစုံအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်အား တိုးမြှင့်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်အားစီမံခန့်ခွဲရန်အတွက်သာ အထောက်အကူဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင် ကျန်းမာရေးစောင့်ရှောက်မှု စနစ်များအတွက် ကိုးကားနိုင်၊ မှီငြမ်းပြင်ဆင်ရေးသားနိုင် (သို့မဟုတ်) ယခုအတိုင်းတစ်စုံလုံး ယူငင်သုံးစွဲနိုင်ပါသည်။

## အခန်း (၁)

### (၁.၁) ကျေးရွာအုပ်စုကျန်းမာရေးစင်တာ (VTHC) တစ်ခု၏ လုပ်ငန်း ဆောင်တာ

**ရရှိနိုင်သော ဝန်ဆောင်မှုနှင့် အတိုင်းအတာ**

ကျေးရွာအုပ်စုကျန်းမာရေးစင်တာများသည် တိုင်းရင်းသားအုပ်ချုပ်ရေးဒေသများတွင် အခြေခံနှင့်မရှိမဖြစ်သော ကျန်းမာရေးလိုအပ်ချက်များအား ဖြည့်ဆည်းရန်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအုပ်စုကျန်းမာရေးစင်တာတစ်ခု သည် အနည်းဆုံးလူဦးရေ ၁၅၀၀ မှ ၂၀၀၀အထိ လွှမ်းခြုံဝန်ဆောင်မှုပေးနိုင်ပြီးဒေသအတွက် ရွေးချယ်ထားသော မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (EPHS)ကိုထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ စင်တာများသည်အခြေခံ အားဖြင့် တစ်ပါတ်လျှင် ၅ရက်အနေဖြင့် ပြင်ပလူနာဌာနအား မလွဲမသွေဖွင့်ရမည်ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် လည်း ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ မရှိလျှင်ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများကို ကွင်းဆင်း (သို့မဟုတ်) စင်တာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် မိမိတို့အလုပ်ချိန်၏ ၅၀%ကို အသုံးပြုဆောင်ရွက် သွားရမည်။ လုပ်ငန်းပိုင်းဆိုင်ရာ အုပ်ချုပ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာလွှဲပြောင်းရေးစင်တာများ၏ ကြီးကြပ်မှု အောက်မှ ဆောင်ရွက်သွားရမည်။ ကျေးရွာအုပ်စု ကျန်းမာရေးစင်တာ၏ လုပ်ငန်းအရည်အသွေးရလဒ်များအတွက် လုပ်ငန်းဖြစ်မြောက်ရေးအဖွဲ့နှင့် အရည်အသွေးထိန်းညှိရေးအဖွဲ့တို့မှ စွမ်းအားမြှင့်တင်ပေးသွားမည်။

**ကျေးရွာအုပ်စုကျန်းမာရေးစင်တာ၏လုပ်ငန်းဆောင်တာများမှာ -**

1. အခြေခံကျန်းမာရေးအချက်အလက်များနှင့် အရေးပါသောစာရင်းဇယားများ စုဆောင်းခြင်း။
2. ဒေသခံလူထု၏ ကျန်းမာရေးအသိပညာ တိုးပွားရန်အတွက် ကျန်းမာရေးပညာပေးမှုများအား အစီအစဉ်ဆွဲရန် နှင့် အကောင်အထည်ဖော် ဆောင်ရွက်**ရေး**
3. ပါတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးနှင့်၊ ရေနှင့်သန့်ရှင်းရေး
4. ကူးစက်ရောဂါ စောင့်ကြည့်၊ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်မှုလုပ်ဆောင်ချက်များ
5. ကျောင်းကျန်းမာရေး
6. အာဟာရမြင့်တင်ရေး
7. အဖြစ်များသောရောဂါကုသရေး
8. မျိုးဆက်ပွားမိခင်နှင့်ကလေးကျန်းမာရေး
9. ကာကွယ်ဆေးထိုးခြင်း (EPI)
10. သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ခြင်း
11. သင်တန်းပေးခြင်းနှင့်ကြီးကြပ်ခြင်း (အထူးသဖြင့် ကျေးရွာကျန်းမာရေးလုပ်သားများနှင့် လေ့ကျင့်သင်ကြား ထားသော လက်သည်များ)
12. အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ဖြစ်ကြသည်။

ကောင်းမွန်စွာလည်ပတ်လျက်ရှိသော ကျေးရွာအုပ်စုကျန်းမာရေးစင်တာတွင် ရရှိနိုင်သော မရှိမဖြစ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ -


1. မိခင်နှင့်မွေးကင်းစကလေးကျန်းမာရေး ဝန်ဆောင်မှုများ

2. ကလေးသူငယ်ကျန်းမာရေး ဂန်ဆောင်မှုများ
3. မျိုးဆက်ပွားကျန်းမာရေး ဂန်ဆောင်မှုများ
4. ကျောင်းကျန်းမာရေး ဂန်ဆောင်မှုများ
5. ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေး
6. အရေးပေါ်ကျန်းမာရေး ဂန်ဆောင်မှုများ
7. စိတ်ကျန်းမာရေး ဂန်ဆောင်မှုများ
8. မျက်လုံးနှင့်အခြေခံသွားကျန်းမာရေး ဂန်ဆောင်မှုများ
9. ထိခိုက်ဒါဏ်ရာစောင့်ရှောက်ရေး ဂန်ဆောင်မှုများ
10. အထွေထွေဂေဒနာကျန်းမာရေး စီမံမှု
11. မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးရေးနှင့် ကုသရေးတို့ ဖြစ်ကြသည်။

## (၁.၂) ကျေးရွာအုပ်စုကျန်းမာရေးစင်တာတစ်ခု၏ ဖွဲ့စည်းပုံ

ကျေးရွာအုပ်စုကျန်းမာရေးစင်တာသည် လူဦးရေ ၁၅ဂဂမှ ၂ဂဂဂနီးပါးခန့်မှ ဂန်ဆောင်မှုရယူနိုင်မည်ဟူသောအချက်ပေါ်အခြေခံ၍ ကျေးလက်ဒေသများတွင်ဖွင့်လှစ်ထားပြီး ဒေသတွင်နေထိုင်သူများကို ဂန်ထမ်းအဖြစ် ခန့်အပ်ကာ ပြင်ပလူနာ ဂန်ဆောင်မှုကို တစ်ပါတ်လျှင် ၅ရက် ဂန်ဆောင်မှုပေးပါသည်။ ကျေးရွာအုပ်စုကျန်းမာရေးစင်တာတွင် တာဂန်ခံ ၁ဦး၊ ဆေးကုသရေးကြီးကြပ် ၁ဦး၊ မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ် ၁ဦး၊ လူထုအခြေပြု ကျန်းမာရေး လုပ်သား အဆင့်-၂ ၁ဦး၊ လူထုအခြေပြုကျန်းမာရေး လုပ်သားအဆင့်-၁ ၂ဦး၊ အရေးပေါ်မိခင်နှင့်ကလေး ကျန်းမာရေးလုပ်သား ၁ဦးနှင့် သားဖွားဆရာမ (သို့မဟုတ်) မိခင်နှင့် ကလေးသူငယ်ကျန်းမာရေးလုပ်သား ၂ဦး ပါရှိမည်။ ထို့အပြင် ဒေသတွင်းရှိ လေ့ကျင့်သင်ကြားထားသော ကျေးရွာကျန်းမာရေး လုပ်သားများနှင့် လေ့ကျင့် သင်ကြားထားသော လက်သည်များမှလည်း လုပ်အားပေးကြပြီး ကျေးရွာအုပ်စုကျန်းမာရေးစင်တာတွင် လုပ်အား အမြားအပြားလိုအပ်ပါက အဆင်သင့်ရှိနေကြမည်။

*ကျေးရွာအုပ်စုကျန်းမာရေးစင်တာတစ်ခု၏ ဖွဲ့စည်းပုံ*




### (၁.၃) ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အစီရင်ခံမှုစနစ်


| **Category** | **Reporting to** | **Coordination with** |
|---|---|---|
| VTHC In-Charge | Township Health Office(r) | Partner organization, Donor, organization and local authority leader |
| Supervisor Medical | VTHC In-Charge | Partner organization, Donor and organization and local authority leader |
| Supervisor MCH | VTHC In-Charge | Partner organization, Donor and organization and local authority leader |
| Health Worker level (1) and level (2) | Supervisor Medical | Organization, local authority leader and other volunteers/ health worker |
| Mother and Child Health Workers (all levels) | Supervisor MCH | Organization, local authority leader and other volunteers/ health worker |
| Village Health Workers | Health Worker level (1) and/or level (2) | VTHC staffs, community |
| Trained Traditional Birth Attendants | Mother and Child Health Workers (all levels) | VTHC staffs, community |

## အခန်း ၂ - ဂန်ထမ်းခေါ်ယူမှုနှင့် ခန့်အပ်မှုလုပ်ထုံးလုပ်နည်းများ

### ၂.၁ - ဂန်ထမ်းခေါ်ယူမှုပုံစံများ

VTHCဂန်ထမ်းများသည် နယ်လှည့်(သို့မဟုတ်)စင်တာအခြေစိုက် ပြည်သူ့ကျန်းမာရေး လုပ်သားများနှင့်ဆေးလုပ်သားများ ဖြစ်ကြသည်။ ကျန်းမာရေးလုပ်သားများသည် ကာလကြာသင်တန်းတက်ရောက်ပြီးနောက် အနည်းဆုံး (၂)နှစ် တာဂန်ထမ်းဆောင်ရမည် ဖြစ်သည်။ (ကျန်းမာရေးကြီးကြပ်များနှင့် အဆိုပါရာထူးအဆင့်အောက်ရှိ ဂန်ထမ်းများ)၊ တိုက်ရိုက်ရွေးချယ်ခြင်း (သို့မဟုတ်) ခန့်အပ်ခြင်းခံရသောရာထူးနေရာများမှာ ဒေသခံကျန်းမာရေးကော်မတီအစည်းအဝေးများတွင် အဆိုပါရာထူးများအတွက် ခေါင်းဆောင်မှုပေးနိုင်သော အုပ်ချုပ်စီမံခန့်ခွဲရေးဂန်ထမ်းများဖြစ်သည်။ (VTHC တာဂန်ခံ)

### ၂.၂ - လုပ်ငန်းအတွင်း တန်းတူအခွင့်အလမ်းရှိမှု




အဖွဲ့သည် ဂန်ထမ်းများရွေးချယ်ခန့်အပ်ရာတွင် လိင်၊ တိုင်းရင်းသား အမျိုးအနွယ် (သို့မဟုတ်) မသန်စွမ်းမှုတို့နှင့်မဆိုင်ဘဲ ရွေးချယ်ပါသည်။ တစ်ချို့သော ရာထူးများအတွက် ဘာသာစကားလိုအပ်ချက်ကိုလိုအပ်ချက်အရ မဖြစ်မနေထည့်သွင်းစဉ်းစားပါသည်။ ကျေးရွာကျန်းမာရေး ကော်မတီရှိ လူများအားလုံးသည် ဒေသခံဖြစ်ရန် လိုအပ်ပါသည်။ ခေါင်းဆောင်မှုအခန်းကဏ္ဍများအတွက် ကျားမအရေအတွက် ညီမျှမှုတစ္စာပါဂင်ခြင်း၊ တိုင်းရင်းသား/ ဒေသကိုယ်စားလှယ်အရေအတွက် မျှတစ္စာပါဂင်ခြင်းတို့ဖြစ်စေရန် ညီမျှစွာမဲခွဲဝေ သောစနစ်ကိုကျင့်သုံးသင့်ပါသည်။

### ၂.၃ - ခွင့်ပြုချက်

လိုအပ်သော VTHCဂန်ထမ်းနေရာအတွက် ခွင့်ပြုချက်အား အဖွဲ့အစည်းမှသော်၄င်း၊ ကျေးရွာအုပ်စု ကျန်းမာရေးကော်မတီ/အဖွဲ့မှသော်၄င်း ခန့်အပ်ထားသောရွေးချယ်ရေးအဖွဲ့မှ အတည်ပြုပေးရမည်ဖြစ်သည်။ ဂန်ထမ်းဖြည့်တင်းရေးတောင်းခံလွှာကို VTHCတာဂန်ခံမှပြင်ဆင်ပြီး ရွေးချယ်ရေးအဖွဲ့သို့ တင်သွင်းရမည်။ ရွေးချယ်ရေးအဖွဲ့၏ အဖွဲ့ဂင်များစာရင်းတွင် အောက်ပါပုဂ္ဂိုလ်များပါဂင်ရမည်။

- လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲသူ ၁ဦး (မြို့နယ်ကျန်းမာရေးရုံး) (ရွေးချယ်ရေးအဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ရန်)
- VTHC တာဂန်ခံ ၁ဦး
- ဒေသခံခေါင်းဆောင် ၂ဦး
- ဂန်ထမ်းကိုယ်စားလှယ် ၁ဦး ( ထိုသူ၏ရာထူးသည် ယခုခန့်အပ်ရန်ရှိသည့်ရာထူး ထက်မနိမ့်သော (သို့မဟုတ်) တူညီသောရာထူးဖြစ်ရမည်။)

ရွေးချယ်ဆုံးဖြတ်သူများသည် ရွေးချယ်မည့် သက်ဆိုင်ရာထူးများ၏ တာဂန်ဂတ္တရားများကို သိရှိနားလည်ထားရမည်။ ထို့အပြင် အပိုင်း(၂.၇)တွင်ဖော်ပြထားသည့် အလုပ်ခန့်အပ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း သိရှိနားလည်ထားရမည် ဖြစ်သည်။ ရွေးချယ်မှုကို အင်တာဗျူးအနှစ်ချုပ်ပုံစံ (သို့မဟုတ်) အစီရင်ခံစာတို့တွင် ပွင့်လင်းမြင်သာမှုရှိစွာ မှတ်တမ်းတင်၍ ဌာနချုပ်သို့ ပေးပို့ရမည်ဖြစ်ပြီး မြို့နယ်ကျန်းမာရေးရုံးနှင့် သက်ဆိုင်ရာVTHCတို့တွင် မိတ္တူတစ်စုံစီ သိမ်းဆည်းထားရန်လိုအပ်သည်။ ရွေးချယ်ရန်ဆုံးဖြတ်ချက်ချသည့်နေ့မှစ၍ (၂)ပါတ်အတွင်း ရွေးချယ်ခံရသူနှင့် ရွေးချယ်မခံရသူတို့အား အကြောင်းပြန်ရမည် ဖြစ်သည်။

ဂန်ထမ်းရွေးချယ်ရာတွင် တင်ပြရမည့်ပုံစံများ

- ထောက်ခံသူပါဝင်သည့် အလုပ်လျှောက်လွှာ
- ကိုယ်ရေးအကျဉ်းပုံစံ
- အင်တာဗျူးအနှစ်ချုပ်ပုံစံ

## ၂.၄ - ရွေးချယ်မှုစည်းမျဉ်းစည်းကမ်းများ

သင်တန်းနှင့် ရာထူးတိုင်းတွင် ကိုယ်ပိုင်စံသတ်မှတ်ချက်များရှိသော်လည်း ယေဘူယျ စံသတ်မှတ်ချက်များမှာ

- တာဝန်ရှိသော ရာထူးနေရာများအတွက် အသက် ၁၈နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။
- ဒေသဘာသာစကားအားကျွမ်းကျင်စွာပြောဆိုနိုင်ပြီး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု ကောင်းသူဖြစ်ရမည်။
- စာရေးတတ်ဖတ်တတ်ရမည်။ အတွက်အချက်လည်း တတ်ရမည်။
- ဒေသမှ ဦးစားပေးတင်ပြလာသူဖြစ်ရမည်။
- လူထုကျန်းမာရေးကိစ္စများအတွက် ခိုင်ခိုင်မာမာ ပေးဆပ်နိုင်သူဖြစ်ရမည်။
- ဒေသအတွင်း စုပေါင်းလုပ်ဆောင်မှုများနှင့်ခေါင်းဆောင်မှုစွမ်းရည်တို့ကို နားလည်သဘောပေါက်သူဖြစ်ရမည်။
- ကာလရှည်သင်တန်းအတွက် အသက် ၁၈နှစ်နှင့် ၄၀ နှစ်အတွင်း ရှိသူဖြစ်ရမည်။
- သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် အဖွဲ့တွင်အနည်းဆုံး ၂နှစ်ဝန်ဆောင်မှုပေးရန် ကတိပေးနိုင်သူဖြစ်ရမည်။ သင်တန်းတက်နေဆဲသူများအတွက်မူ သင်တန်းကာလပြီးဆုံးချိန်မှစ၍ အဖွဲ့တွင်နောက်ထပ် ၂နှစ် လုပ်ဆောင်မည်ဟု ကတိပေးရန်လိုအပ်ပါသည်။

မှတ်ချက်။ ။ အဖွဲ့အစည်းအတွင်းရှိ လက်ရှိဝန်ထမ်းများအား ရာထူးတိုးရန်အခွင့်အရေးပေးသည့်အနေဖြင့် ပထမ ဦးစားပေးစဉ်းစားပါရန်။

## ၂.၅ - လေ့ကျင့်သင်ကြားခြင်း

ရာထူးအတွက်ရွေးချယ်ခံထားရသူများသည် ရာထူးကိုလက်ခံနိုင်ရန်အတွက် သင်တန်းမှချမှတ်သောသတ်မှတ်ချက်များအရ သင်တန်းအား တတ်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

## ၂.၆ - ခေါင်းဆောင်မှု/ထူးချွန်မှုအား ဖော်ထုတ်ပြသခြင်း

သင်တန်းပြီးမြောက်ပြီးနောက်တွင် သင်တန်းသားများသည် မိမိတို့၏နေရပ်သို့ပြန်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ တွင် အလုပ်စတင်လုပ်နိုင်ပြီ ဖြစ်သည်။ ထူးချွန်စွာလုပ်ဆောင်/ခေါင်းဆောင်နိုင်သော ကျန်းမာရေးလုပ်သားများသည် မိမိတို့ခေါင်းဆောင်များ၏ထောက်ခံမှုဖြင့် အဆင့်မြင့်သင်တန်းများ ထပ်မံတက်ရောက်နိုင်သည်။ အဆင့်မြင့် သင်တန်းများ တတ်ရောက်ရန်အတွက် သင်တန်းအစီအစဉ်အရ စွမ်းရည်ဆိုင်ရာစမ်းသပ်မှုများအား အောင်မြင်ရန် (သို့မဟုတ်) အတွေ့အကြုံများလည်း လိုအပ်မည် ဖြစ်သည်။ ကျန်းမာရေးလုပ်သားသည် အဆင့်မြင့်သင်တန်း ထပ်မံတက်ရောက်ခြင်းနှင့်အတူ အလုပ်သက်တမ်းအား ထပ်မံတိုးမြှင့်သည့် (သင်တန်းအစီအစဉ်ပေါ်မူတည်၍) ကတိအား ပေးပြီးဖြစ်သည့်အပြင် အလုပ်တာဝန်များသည် မိမိနေရပ်ဒေသတွင်သာမဟုတ်ဘဲ ခရိုင်အဆင့်တွင် တာဝန် ထမ်းဆောင်ပေးရန် တောင်းဆိုခံရနိုင်ကြောင်း နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အလုပ်တာဝန်များနှင့် ပါတ်သတ်၍ ကျန်းမာရေးလုပ်သားနှင့် မိမိတို့၏ကြီးကြပ်သူများမှ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဦးချင်းစီ၏ တာဝန်များနှင့် မိသားစုဝင်များအတွက်ပါကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

## ၂.၇ - အလုပ်ခန့်အပ်ခြင်းလုပ်ငန်းစဉ်

အလုပ်ခေါ်စာအား ဒေသအတွင်းကြော်ငြာရမည် ဖြစ်သည်။ အလုပ်ခန့်အပ်ခြင်းလုပ်ငန်းစဉ်အား မြို့နယ်ကျန်းမာရေးရုံး တွင်ပြုလုပ်ရမည် ဖြစ်သည်။ လူအင်အားလိုအပ်ချက်တင်ပြမှုအား အဖွဲ့အစည်းမှ စုပေါင်းအတည်ပြုပြီးချိန်တွင် ရွေးချယ်ရေးအဖွဲ့မှ လက်ခံရယူ၍ အောက်ပါလုပ်ငန်းစဉ်များအား လုပ်ဆောင်ရမည်ဖြစ်သည်။

1. ကြော်ငြာချက်ထုတ်ခြင်း
2. ဒေသမှ လျှာထားသူများနှင့် လျှောက်လွှာများအားလက်ခံခြင်း
3. သတ်မှတ်ချက်များ၊ လိုအပ်ချက်များနှင့် ကိုက်ညီသောသင့်တော်သည့်သူများ ရွေးထုတ်ခြင်း
4. လူတွေ့စစ်ဆေးမေးမြန်းခြင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းစစ်ဆေးခြင်း

5. ရွေးချယ်ခြင်းနှင့် ရွေးချယ်ခံရသူများအား အကြောင်းကြားခြင်း
6. အကြိုမိတ်ဆက်ခြင်း (Orientation Session)ပြီးနောက် အစမ်းခန့်ကာလ (၃လ)
7. အလုပ်စဝင်ခြင်းနှင့် ကိုယ်ရေးအချက်အလက်မှတ်တမ်း ဖြည့်စွက်ခြင်း။

မှတ်ချက်။ ။ လုပ်ငန်းစဉ် (၁)မှ(၅)သည် ရွေးချယ်ရေးအဖွဲ့၏တာဝန်ဖြစ်ပြီး (၆)နှင့်(၇)သည် VTHCတာဝန်ခံမှ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

## ၂.၈ - လစ်လပ်ရာထူး၊ ရာထူးအသစ်များအတွက် အသိပေးစာနှင့် သင်တန်းအခွင့်အလမ်းများ

ရာထူးအသစ် (သို့မဟုတ်) လစ်လပ်နေသောရာထူးကို ဒေသအတွင်းတွင် ကြေငြာရမည်။ အသစ်(သို့မဟုတ်) လစ်လပ်သောရာထူးနှင့် ကနဦးသင်တန်းအခွင့်လမ်းများအား စိတ်ပါဝင်စားသူများကို ဒေသအသိုင်းအဝိုင်းမှနေ၍ သင့်တော်သောလူအား အဆိုပြုတင်သွင်းနိုင်သည်။

## ၂.၉ - အင်တာဗျူးများ

ရွေးချယ်ရန်လျာထားခံရသည့် စာရင်းပါလူများအား အီးမေးလ်၊ ဖုန်း(သို့မဟုတ်)ခေါ်စာဖြင့် တွေ့ဆုံမေးမြန်းရန်အတွက် အကြောင်းကြားရမည်။ တွေ့ဆုံမေးမြန်းခြင်းကို ရွေးချယ်ရေးအဖွဲ့မှ ဆောင်ရွက်ရမည်။ နောက်ဆုံးရွေးချယ်မှုကိုလည်း ရွေးချယ်ရေးအဖွဲ့၏အတည်ပြုချက်ဖြင့် လုပ်ဆောင်ရမည်။

## ၂.၁၀ - ကျွမ်းကျင်မှု အရည်အချင်းစစ်ဆေးခြင်း

အလုပ်သဘောအပေါ်မူတည်၍ ဖြစ်နိုင်ခြေကိုသိရှိရန်အတွက် နောက်ဆုံးခန့်အပ်မှု အတည်ပြုခြင်းမပြုလုပ်မီ ကျွမ်းကျင်မှုအရည်အချင်း စစ်ဆေးခြင်းကို ပြုလုပ်သင့်သည်။ (အကယ်၍လိုအပ်မှသာ)

## ၂.၁၁ - ထောက်ခံစာများ

စတင်လျှောက်လွှာတင်သည့်အချိန်မှစ၍ ရွေးချယ်ရန်လျာထားခံရသူများသည် မိမိတို့အား ထောက်ခံပေးမည့်သူ နှစ်ဦး၏ အမည်နှင့်ဆက်သွယ်ရန်လိပ်စာများ လိုအပ်ပါသည်။

## ၂.၁၂ - တရားဝင်အလုပ်ဝင်ရောက်ခြင်း

ရွေးချယ်ရေးအဖွဲ့မှ အလုပ်ကမ်းလှမ်းစာပေးပို့ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရွေးချယ်ခံရသူမှ ကမ်းလှမ်းမှုကို လက်ခံပါက အစမ်းခန့်ကာလ (၃)လအတွက်လက်ခံခြင်းစသည့် အစောပိုင်းကိစ္စများအား လုပ်ဆောင်ရမည် ဖြစ်သည်။ ရွေးချယ်ခန့်အပ်သူအား ခန့်အပ်တာဝန်ပေးသည့်စာကို အဖွဲ့အစည်းရှိတာဝန်ရှိသူမှ လက်မှတ်ထိုးရမည်။ အလုပ်နေရာခန့်အပ်ခံရသူသည် စတင်အလုပ်ဆင်းသည့်နေ့တွင် အလုပ်စာချုပ်နှင့် သဘောတူညီချက်များအား လက်မှတ်ရေးထိုးရမည်။

## ၂.၁၃ - အကြိုမိတ်ဆက်ခြင်း

အလုပ်သမားအသစ်များအား ၎င်းတို့အလုပ်လုပ်ရမည့် ရုံး၊ဆေးခန်းနှင့် နယ်မြေများတွင် အကြိုမိတ်ဆက်ခြင်းများ ပြုလုပ်ပေးရမည်။ ထိုကဲ့သို့ အကြိုမိတ်ဆက်ပေးခြင်းအတွက် ၎င်းတို့၏ ကြီးကြပ်သူတွင်တာဝန်ရှိသည်။ အကြိုမိတ်ဆက်ခြင်းတွင် အလုပ်သမားအား ဒေသအသိုင်းအဝိုင်းမှသိရှိနှင့်ပြီးဖြစ်သော်လည်း တရားဝင်မိတ်ဆက်ပေးခြင်းနှင့် ဒေသအတွင်း၎င်း လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများလည်းပါဝင်သည်။အလုပ်သမားအား အဖွဲ့အစည်း၏မူဝါဒများ၊ ဒေသရှိလုပ်ထုံးလုပ်နည်းများ နှင့် ၎င်းတို့တစ်ဦးချင်းစီ၏တာဝန်ဝတ္တရားများကို ပြောပြထားရမည်။

## ၂.၁၄ - ကိုယ်ရေးအချက်အလက်မှတ်တမ်း

VTHCတာဝန်ခံ(သို့မဟုတ်)ကြီးကြပ်သူမှ ဝန်ထမ်းများ၏ အခြေခံကိုယ်ရေးအချက်အလက်များအား စုဆောင်းပြီး မြို့နယ်ကျန်းမာရေးရုံး (လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာဝန်ထမ်း)သို့ တင်ပြရမည်။ ထိုသို့တင်ပြရာတွင် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ အချက်အလက်၊ အလုပ်လျှောက်လွှာ၊ အလုပ်စာချုပ်၊ အောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊

လက်ထပ်စာချုပ်(အိမ်ထောင်ရှိလျှင် သို့မဟုတ် လက်ထပ်စာချုပ်ရှိလျှင်) စသည်တို့ပါဝင်သည်။ မူရင်းများအားလုံးကို မြို့နယ်ကျန်းမာရေးရုံးတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး မိတ္တူတစ်စုံအား VTHC တွင် သိမ်းဆည်းထားရမည်ဖြစ်သည်။

## အခန်း ၃ - အလုပ်ထွက်ခြင်း

အနည်းဆုံး ၂နှစ်အလုပ်လုပ်ရန် ကတိပေးရမည်ဖြစ်သည်။ စာချုပ်သတ်တမ်းမပြည့်ခင်အချိန်တွင် အလုပ်သမားများ မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် အလုပ်ထွက်နိုင်သည်။ ကြီးကြပ်သူအဆင့်နှင့် အထက်ရှိသောသူများသည် အလုပ်မထွက်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ ၎င်းတို့နောက်ဆုံး အလုပ်လုပ်မည့်ရက်နှင့် ၎င်းတို့နေရာအား အစားထိုးမည့်သူကို လက်လွှဲစရာရှိသည့်စာရင်းကို မြို့နယ်ကျန်းမာရေးရုံးသို့ပေးပို့ရမည်။ ကြီးကြပ်သူအဆင့်ထက်နိမ့်သော ရာထူးရှိသူများသည် အလုပ်မထွက်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ၎င်းတို့နောက်ဆုံး အလုပ်လုပ်မည့်ရက်နှင့် ၎င်းတို့နေရာအား အစားထိုးမည့်သူကို လက်လွှဲစရာရှိသည့်စာရင်းကို VTHC တာဝန်ခံအား ပေးပို့ရမည်။ အဖွဲ့အစည်းကိုလည်း သတင်းပေးပို့ရမည် ဖြစ်သည်။

အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဖက်စလုံးမှ စာချုပ်ဖျက်သိမ်းခြင်းကို သတ်မှတ်ထားသောရက်(အလုပ်ထွက်သည့်ရက်)မတိုင်မီ တစ်လအတွင်း ကြိုတင်၍ပြုလုပ်ရမည်။ ကျေးရွာကျန်းမာရေးလုပ်သားများနှင့် လေ့ကျင့်သင်ကြားထားသောလက်သည်များသည် ၎င်းတို့နေရာတွင် အစားထိုးဝင်ရောက်သူအား ဒေသတွင် အကြိုမိတ်ဆက်ခြင်းပြုလုပ်ပေးရမည်။ ပညာသင်ဆုဖြင့် သင်တန်းတတ်ရောက်ပြီး ကတိပေးထားသောအလုပ်ချိန်မပြည့်သေးဘဲ အလုပ်မှထွက်လိုသူသည် မိခင်အဖွဲ့အစည်း၏ဆုံးဖြတ်ချက်အား လိုက်နာရမည်ဖြစ်သည်။

## အခန်း ၄ - အလုပ်မှထုတ်ပယ်ခြင်း

အလုပ်သမားအားလုံးသည် လုပ်ဆောင်မှုနှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းတို့ကြောင့်အလုပ်မှ ထုတ်ပါယ်ခံရနိုင်ပါသည်။ ထိုကိစ္စအား အောက်ပါလုပ်ငန်းစဉ်များအတိုင်းလုပ်ဆောင်ရမည် ဖြစ်သည်။ ဝန်ထမ်းအား ၎င်း၏တာဝန်မကျေပွန်ခြင်း၊ စေခိုင်းမှုအား အမြဲလိုလိုပျက်ကွက်ခြင်း၊ အမြဲလိုလို တာဝန်မကျေခြင်းနှင့် ကျင့်ဝတ်ဖောက်ဖျက်မှုများကြောင့် အလုပ်မှ ထုတ်ပယ်ခံရနိုင်သည်။ ဝန်ထမ်းအဖြစ်ခန့်အပ်ခံရသူသည် အဖွဲ့အစည်း၏ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန် လိုအပ်ပြီး လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ကျင့်ဝတ်ဖောက်ဖျက်သည်ဟုအမည်တပ်နိုင်သည်။

- ကြီးကြပ်သူတစ်ဦးသည် ဝန်ထမ်းတစ်ဦးမှ တာဝန်မကျေပွန်ကြောင်းတွေ့ရှိပါက ထိုဝန်ထမ်းနှင့်ကြီးကြပ်သူ၏ အထက်ရှိ တာဝန်ရှိခေါင်းဆောင်အား ခေါ်ယူတွေ့ဆုံရမည်။ (ဥပမာ - လေ့ကျင့်သင်ကြားထားသော လက်သည် ဝန်ထမ်းများဖြစ်ပါက **မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်သူ**နှင့် VTHC တာဝန်ခံတို့အား ခေါ်ယူတွေ့ဆုံရမည်။ အကယ်၍ VTHC တာဝန်ခံဖြစ်ပါက မြို့နယ်အဆင့် လူကြီးများဖြင့်တွေ့ဆုံပါ။ ဒေသစီမံခန့်ခွဲရေး တည်ဆောက်ပုံအတိုင်း ဆက်လက်လုပ်ဆောင်ရပါမည်။)
- ဝန်ထမ်း၏စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် အခွင့်အရေးနှင့်အချိန်ကာလတစ်ခု ပေးရမည်။
- ထိုအချိန်ကာလအတွင်း ဝန်ထမ်းသည် မည်သည့်တိုးတတ်မှုမျှမရှိခဲ့လျှင် သတိပေးစာနှင့် လုပ်ဆောင်ချက် တိုးတက်ကောင်းမွန်ရန် သဘောတူညီချက်တစ်ခု ပြုလုပ်ရမည်။
- အကယ်၍ ဝန်ထမ်းမှ ထပ်မံ၍ လုပ်ဆောင်ချက်တိုးတက်ကောင်းမွန်မှု မပြုလုပ်နိုင်ပါက မြို့နယ် (သို့မဟုတ်) VTHCတာဝန်ခံမှ အလုပ်မှထုတ်ပယ်ခြင်းအမိန့်အား ထုတ်ပြန်ရမည်။ အလုပ်မှထုတ်ပယ်ခြင်း သတိပေးစာကို ဝန်ထမ်းအား (၄)ပါတ် ကြိုတင်အကြောင်းကြားရမည်။
- အလွန်အကျွံစည်းကမ်းဖောက်ဖျက်ခြင်းကိစ္စများအတွက် မြို့နယ်ကျန်းမာရေးရုံး (သို့မဟုတ်) VTHC ကော်မတီ၏ သဘောတူညီချက်ဖြင့် ဝန်ထမ်းအား ချက်ခြင်းအလုပ်မှ ထုတ်ပယ်နိုင်သည်။
- အလုပ်ရှင်သည် ဥပဒေနှင့်ညီစွန်းသည့် မည်သည့်ကိစ္စမျိုးကိုမဆို ကျူးလွန်သောအလုပ်သမားအား အလုပ်ချိန် (၃)ရက်အတွင်း မည်သည့်သတိပေးမှုမျှမရှိဘဲ အလုပ်မှထုတ်ပယ်ခွင့် ရှိသည်။
- အစမ်းခန့်ကာလတွင်ရှိနေသော ဝန်ထမ်းများအား ထုတ်ပယ်ရန်အတွက် (၂၄)နာရီ ကြိုတင်အကြောင်းကြား၍ ထုတ်ပယ်နိုင်ပြီး စာပိုဒ်အမှတ်(၂)တွင်ပါရှိသကဲ့သို့ ၎င်းအစမ်းခန့် ကာလအချိန်ကို ပြန်လည်သတ်မှတ်နိုင်သည်။

## အခန်း ၅ - အလုပ်အချိန်ဇယားနှင့် လစာပေးမှု

**အလုပ်ချိန်နာရီများနှင့် နေ့ရက်များ**

VTHC ဖွင့်ချိန်သည် ယေဘုယျအားဖြင့် မနက် ၉နာရီမှ ညနေ ၅နာရီအထိဖြစ်ပြီး နေ့လည်စာစားချိန်မှာ နေ့လည် ၁၂နာရီမှ နေ့လည် ၁နာရီအထိဖြစ်သည်။ VTHCများ အနေဖြင့် ကျန်းမာရေးလုပ်သားများမရှိသောအချိန်တွင် ဖြစ်လာနိုင်သည့် အရေးပေါ်အခြေအနေများအတွက် ဆက်သွယ်ရမည့်နံပါတ်များကို ရှင်းလင်းစွာ ဖော်ပြထားသင့်သည်။

**ပြင်ပလူနာအားဝန်ဆောင်မှု**ပေးချိန်တွင် ကြီးကြပ်သူတစ်ယောက်သည် တာဝန်ချိန်အတွင်း အနည်းဆုံး ရှိရမည်။ ပြင်ပလူနာများအားဝန်ဆောင်မှုပေးရန်အတွက် ပုံမှန်အချိန်တစ်ခုသတ်မှတ်၍ ဒေသအသိုင်းအဝိုင်းအား အကြောင်းကြားထားရမည်။ နေ့ရက်နှင့်အချိန်သတ်မှတ်ခြင်းကို ဆေးခန်းတာဝန်ခံက ဒေသအခြေအနေနှင့် ကိုက်ညီအောင် သတ်မှတ်ရမည်။ ပြင်ပလူနာဝန်ဆောင်မှုသည် အနည်းဆုံး တစ်ပါတ်လျှင် နာရီ ၂၀ ရှိရမည်။

**ဆေးခန်းဝန်ထမ်းများနှင့် စီမံရေးဝန်ထမ်းများ**သည် တစ်ပါတ်လျှင်အလုပ်ချိန် နာရီ ၄၀ ပြည့်ရမည်။ နာရီ ၄၀ ပြည့်မှီအောင်အလုပ်မဆင်းနိုင်သောဝန်ထမ်းများအား ၎င်းတို့ရရှိသော ထောက်ပံ့ကြေးနှင့်ညီမျှသည့် အလုပ်ချိန်ညှိနှိုင်းမှုပြုလုပ်နိုင်သည်။

**ဝန်ထမ်းအားလုံးအတွက်** အခြေအနေနှင့်အချိန်အခါအပေါ်မူတည်၍ အလုပ်ချိန်အပြောင်းအလဲ ရှိနိုင်ပါသည်။ အလုပ်သဘောတရားအရ တစ်ချို့သောအခြေအနေများတွင် မည်သည့်ခံစားခွင့်မှမရှိဘဲ အချိန်ပိုဆင်းရနိုင်သောအနေအထားမျိုးရှိနိုင်ပါသည်။ ထိုအချိန်ပိုဆင်းရသောအချိန်များ အလွန်အကျွံမဖြစ်ရန်အတွက် ကြီးကြပ်သူမှ တာဝန်ခံရမည်။ အလုပ်မှပျက်ကွက်ခြင်းအား ကျင့်ဝတ်ဖောက်ဖျက်ခြင်းမူဝါဒအရ ဆောင်ရွက်နိုင်ပါသည်။

## အခန်း ၆ - အကျိုးခံစားခွင့်များ

### က) ပြည်သူ့အားလပ်ရက်

နှစ်စဉ် ပြည်သူ့အားလပ်ရက်များအဖြစ် ၁၂ ရက်အထိ ခရိုင်/မြို့နယ်ကျန်းမာရေးရုံးမှ သတ်မှတ်ပေးပါမည်။

### ခ) လစာ

လစဉ် လကုန်ရက်များတွင် လစာငွေအား ငွေသားဖြင့်ထုတ်ပေးပါမည်။

အစမ်းခန့်ကာလတွင်ရှိနေသော မည့်သည့်ရာထူးမဆို အဖွဲ့အစည်းများ၏ ကိုယ်ပိုင်မူဝါဒအပေါ်မူတည်၍ ခန့်အပ်ထားသောရာထူး၏ လစာအပြည့် (သို့မဟုတ်) လစာတစ်ဝက်အား ခံစားခွင့်ရှိပါသည်။

လစာနှုန်းထားများအားအောက်ပါအတိုင်းသတ်မှတ်ထားပါသည်။

| Banding level | Positions | Step 1 (Basic) | Step 2 | Step 3 | Step 4 | Step 5 |
|---|---|---|---|---|---|---|
| Level 5 | In-charge; Clinic/VTHC Manager | 3500 | 3600 | 3700 | 3800 | 4000 |
| Level 4 | Supervisor (Senior Medic; EmOC ;) | 3000 | 3100 | 3200 | 3300 | 3400 |
| Level 3 | Medic, EMOC | 2500 | 2600 | 2700 | 2800 | 2900 |

| | | | | | | |
|---|---|---|---|---|---|---|
| Level 2 | MCHW;CHW + Additional | 2000 | 2100 | 2200 | 2300 | 2400 |
| Level 1 | CHW; | 1500 | 1600 | 1700 | 1800 | 1900 |
| Level 0 | TTBA; VHW | | | | | |

အထက်တွင်ဖော်ပြထားသောနှုန်းထားများသည် လက်ရှိကျင့်သုံးနေသော လစာနှုန်းထားများဖြစ်ပါသည်။ မူဝါဒ၊ ပဋိပက္ခအခြေအနေများနှင့် ငွေကြေးရရှိနိုင်မှုအပေါ်မူတည်၍ ထိုနှုန်းထားများသည် အပြောင်းအလဲ/တိုးမြှင့်ခြင်းများ ဖြစ်နိုင်ချေရှိပါသည်။
လစာနှုန်းထားတိုးတက်မှုအဆင့်များသည် ဝန်ထမ်းတစ်ဦးချင်းစီ၏ အလုပ်အပေါ် စိတ်ပါဝင်စားမှု၊ အရည်အချင်းနှင့် တိုးတတ်မှုတို့အပေါ်မူတည်သည့်အပြင် အခြားသော ငွေလဲလှယ်နှုန်းထား၊ ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးရန်ပုံငွေ အဖွဲ့၏ညွှန်းကိန်းများကြောင့်လည်း အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။

လုပ်ဆောင်မှုဆိုင်ရာအကဲဖြတ်ခြင်းအား နှစ်စဉ် နိုဝင်ဘာလ၏ ဒုတိယ (သို့မဟုတ်) တတိယအပါတ်တွင် ပြုလုပ်ရန် အသင့်တော်ဆုံးဖြစ်ပြီး အမြဲတမ်းဝန်ထမ်းများအတွက် အကဲဖြတ်မှုပုံစံအား ဖြည့်စွက်ပြီးလျှင် ဌာနချုပ်သို့ ဒီဇင်ဘာ ၁၀ရက်နေ့မတိုင်ခင် ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အစမ်းခန့်ကာလရှိ ဝန်ထမ်းများအတွက်မူ ၎င်းတို့၏အစမ်းခန့် ကာလပြီးဆုံးသည့် နောက်ဆုံးအပါတ်တွင် ဖြည့်စွက်ရမည်ဖြစ်ပြီး ဌာနချုပ်သို့ ဝန်ထမ်းအသစ်စတင်လက်ခံသည့် ပထမ ၂ပါတ်အတွင်း ပြန်လည်ပေးပို့ ရမည်ဖြစ်သည်။

### ဂ) ခွင့်ရက်

- **နှစ်စဉ်လုပ်သက်ခွင့်** အစမ်းခန့်ကာလပြီးဆုံးသော ဝန်ထမ်းအားလုံးအတွက် နှစ်စဉ်ရက်ပေါင်း ၃၀ခွင့်ရက်ရရှိသည်။
- **မီးဖွားခွင့်** ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် ကလေးမီးဖွားရန်အတွက် ခွင့်(၄၀)ရက်တိတိ ခံစားခွင့်ရှိသည်။
- **ဖခင်ဖြစ်ကြောင်းခွင့်** ဇနီးသည်၏ ကိုယ်ဝန်မီးဖွားရန်အတွက် အမျိုးသားဖြစ်သူသည် ခွင့်(၁၀)ရက်တိတိ ရရှိခွင့်ရှိသည်။
- **လစာမဲ့ခွင့် :** တစ်နှစ်လျှင် ပြက္ခဒိန်ရက်ပေါင်း ၃၀ရက် ရရှိသည်။

### ဃ) ဝန်ထမ်းများကျန်းမာရေးကူညီစောင့်ရှောက်ရေးရန်ပုံငွေ

အဖွဲ့အစည်းအနေဖြင့် အလုပ်သမား၏ကျန်းမာရေးစရိတ်အတွက် ကုန်ကျငွေတစ်ချို့တစ်ဝက်ကို ကျခံသွားပါမည်။ (အခြေအနေတစ်ခုစီပေါ်မူတည်၍ မြို့နယ်ကျန်းမာရေးရုံးနှင့် VTHC မှ ဆုံးဖြတ်ပါမည်။)

### င) အလုပ်ကိစ္စခရီးသွားခြင်းနှင့် ကုန်ကျစရိတ်များ

- ဝန်ထမ်း၏အိမ်မှ VTHC သို့မဟုတ် ရုံးသို့ ပုံမှန်သွားရသောကုန်ကျစရိတ်များကို ကျခံပေးမည်မဟုတ်ပါ။
- အလုပ်အတွက် ခရီးသွားရန်လိုအပ်ခဲ့လျှင် ကုန်ကျစရိတ်များပြန်လည်တောင်းခံနိုင်ပါသည်။
- ကား၊ နေထိုင်စရိတ်နှင့်ကုန်ကျစရိတ်များအား ပြေစာပြ၍တောင်းခံနိုင်သည်။ ခရီးသွားလာစရိတ်များသည် ဈေးမကြီးဘဲ လုံခြုံမှုရှိရန်လိုအပ်ပါသည်။
- ခရီးသွားလာစရိတ်များအတွက် ဖိတ်ခေါ်သော အဖွဲ့အစည်းမှ အကုန်အကျခံသည်ဆိုပါက ဝန်ထမ်းသည် မိမိ၏ အဖွဲ့အစည်း (VTHC သို့မဟုတ် မြို့နယ်)မှ ထပ်မံ ထုတ်ယူခွင့်မရှိပါ။

- အကယ်၍ အခြေအနေတစ်စုံတစ်ခုကြောင့်စီစဥ်ထားသောခရီးစဥ် ဖျက်လိုက်ရလျှင် ကြိုတင်ထုတ်ယူထားသော (အကယ်၍ရှိခဲ့လျှင်) ခရီးသွားလာစရိတ်များအား တစ်ရက်၊ နှစ်ရက်အတွင်း ပြန်လည်ပေးအပ်ရမည်။
- အကယ်၍ ခရီးစဥ်သည် ဝန်ထမ်း၏စွမ်းဆောင်ရည်တိုးတတ်မှုအတွက်ဖြစ်ပြီး ဝန်ထမ်းအနေဖြင့်လည်း အဖွဲ့အား ပြန်လည်အကျိုးပြုမည်ဟုကတိပေးထားလျှင် ခရီးစရိတ်၏ သုံးပုံတစ်ပုံအား ပညာသင်ဆုကြေးအနေဖြင့် ရယူနိုင်သည်။

## စ) တိုးမြှင့်လစာ တွက်ချက်ခြင်း

- ဝန်ထမ်းအားလုံးသည် လုပ်သက် တစ်နှစ်ပြည့်ပြီးချိန်တွင် နှစ်စဥ်ဝန်ထမ်း စွမ်းဆောင်ရည်အကဲဖြတ်မှု၏ ကျေနပ်ဖွယ်ရလာဒ်နှင့်အတူ နှစ်စဥ်လစာငွေတိုးမြှင့်ခြင်းကို ခံစားခွင့်ရှိသည်။ အခြေခံလစာတိုးမြှင့် ခြင်းကို လစာအဆင့်သတ်မှတ်ချက် (၁)မှ(၅)ထိ တစ်ဆင့်ခြင်းသွားသင့်သည်။
- လစာငွေတိုးမြှင့်ခြင်းသည် အလုံးစုံရမှတ် ၂.၅ ရရှိမှသာခံစားခွင့်ရှိပြီး ၂.၅အောက်လျော့နည်းလျှင် တိုးမြှင့်လစာ ခံစားခွင့်မရှိပါ။

## ဆ) လူမှုအကျိုးခံစားခွင့်များ

- ဝန်ထမ်းတိုင်းတွင် သာရေးနာရေးမီးဖွားရေးဆိုင်ရာ လူမှုအကျိုးခံစားခွင့်များ ရှိသည်။
- နှစ်စဥ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဝန်ထမ်းများအား ဘောက်ဆူးငွေ ရရှိနိုင်သည်။
- သေဆုံးခြင်း/ စွမ်းဆောင်ရည် ရာသက်ပန်ချို့ယွင်းခြင်းကြောင့် အကယ်၍ ဝန်ထမ်းတစ်ယောက်သည် အလုပ်ချိန် အတွင်း အမြဲတမ်းအတွက်ထိခိုက်မှု တစ်စုံ တစ်ရာ သို့မဟုတ် အသက်ခံရခဲ့လျှင် ၎င်း၏မိသားစု၏ ကုန်ကျစရိတ် များအား မျှဝေပေးခြင်းအားဖြင့် ၎င်း၏လစာအား ၃လတိတိခံစားခွင့်ရှိသည်။

## ဇ) စိတ်အားထက်သန်မှုအား မြှင့်တင်ပေးခြင်း

- ဒေသခံအဖွဲ့အစည်းမှ လုပ်သက်အနှစ်(၂၀)နှင့်အထက်ရှိသော ဝန်ထမ်းများအား နေရာထိုင်ခင်း(မြေနှင့်ဝန်ထမ်း အိမ်ရာ)အခွင့်အလမ်းများ ပေးသင့်သည်။

## အခန်း ၇ - လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတတ်ရေး

ကာလကြာရှည်သင်တန်းတက်ရောက်လိုသောဝန်ထမ်းသည် ၎င်း၏ကြီးကြပ်သူနှင့်အတူ သင်တန်းကာလတွင် ၎င်း၏ အလုပ်တာဝန်များနှင့် အလုပ်ချိန်တို့ကို မည်သို့စီစဥ်မည်ဖြစ်ကြောင်း တိုင်ပင်ရမည်။ အကယ်၍ သင်တန်းကာလတွင် အလုပ်တာဝန်များ ပြီးမြောက်နိုင်ခြင်းမရှိလျှင် ဝန်ထမ်းအနေဖြင့် လစာမဲ့ခွင့်ယူရန်လိုအပ်ပါသည်။ သင်တန်းကာလ ကြာချိန်ပေါ် မူတည်၍ ၎င်းတို့နေရာကို ဝန်ထမ်းအစားထိုးပါမည်။ (ကာလကြာရှည်သင်တန်းဟုဆိုရာတွင် ၆လနှင့် အထက်ကို ခေါ် ဆိုခြင်းဖြစ်သည်)

## ၇.၁ - လုပ်ငန်းခွင်သင်တန်း (အလုပ်သင်)

လုပ်ငန်းခွင်သင်တန်း သို့မဟုတ် အလုပ်သင်ဝန်ထမ်းအစီအစဥ်သည် လုပ်ငန်းခွင်စည်းမျဥ်း စည်းကမ်းများနှင့် လုပ်ငန်းစဥ်များအား အကျိုးရှိစွာသင်ယူနိုင်ရန်ကူညီပေးပြီး မိမိကိုယ်ကို ယုံကြည်မှုရှိစေရန် တည်ဆောက်ပေးပါသည်။ လုပ်ရည်ကိုင်ရည်တိုးတက်စေရန်အတွက် ရည်မှန်းချက်များနှင့် အခွင့်အလမ်းများအား ကြီးကြပ်သူများနှင့် အလုပ်ရှင်မှ လုပ်ငန်းခွင်အတွင်း သို့မဟုတ် လုပ်ဆောင်ချက်အကဲဖြတ်ချိန်အတွင်း သတ်မှတ်ပေးပါသည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် သင်တန်းမန်နေဂျာမှ ကြီးကြပ်သူများအား ဝန်ထမ်းအားလုံးအရည်အချင်းတိုးတတ်မှုအတွက် ထောက်ပံ့နိုင်ရန် ကူညီပေးပါသည်။ ကိုယ်တိုင်လေ့လာသင်ယူရန်အတွက် လစာမဲ့အခွင့်ရေးတစ်ခုဖြစ်ပြီး လုပ်ငန်းခွင်သင်တန်းသားများ နှင့်အလုပ်သင်ဝန်ထမ်းများသည် လစ်လပ်ရာထူးများ အတွက် ဦးစားပေးစဥ်းစားခံရမည့်အခွင့်အရေးရရှိမည်ဖြစ်သည်။

## ၇.၂ - ကျွမ်းကျင်အဆင့်သင်တန်း

ကျွမ်းကျင်အဆင့် သင်တန်းဆိုသည်မှာ ကျန်းမာရေးလုပ်သားအဆင့်-၁ (စာတွေ့၃လနှင့် လက်တွေ့၄လ)၊ ကျန်းမာ ရေးလုပ်သားအဆင့်-၂ (စာတွေ့၆လနှင့် လက်တွေ့၄လ)၊ ကျန်းမာရေးလုပ်သားအဆင့်-၃ (HA၂၂လ)နှင့် လူထု

ကျန်းမာရေး အသိအမှတ်ပြုလတ်မှတ်နှင့် အခြားအထူးပြုဘာသာရပ်သင်တန်းများ (မိခင်နှင့်ကလေးကျန်းမာရေး လုပ်သား အဆင့် ၁၊ ၂၊ စသည်ဖြင့်) ဖြစ်ကြပါသည်။

### ၇.၃ - ပြင်ပသင်တန်း

ကြီးကြပ်သူများသည် ဝန်းထမ်းများအား ၎င်းတို့၏ကျွမ်းကျင်မှုနယ်ပယ်အရ သင်တန်းများ/ အလုပ်ရုံဆွေးနွေးပွဲ များအား အကြံပြုသင့်သည်။ အဖွဲ့အစည်းအတွင်းသို့မဟုတ် ပြင်ပတွင်သင်တန်းတက်ခဲ့သောဝန်ထမ်းသည် အဖွဲ့ အတွင်း ပြန်လည်၍ သင်တန်းဗဟုသုတများအား ပြန်လည်မျှဝေပေးရမည်။ ကြီးကြပ်သူများကိုလည်း သင်တန်း၏ အရည်အသွေးနှင့် နောက်လာနောင်သားများ ထိုကဲ့သို့သော သင်တန်းမျိုးကို တက်သင့်/မသင့်ကို ပြန်လည်အစီရင် ခံသင့်သည်။

## အခန်း ၈ - ကျင့်ဝတ်စည်းကမ်း

### ၈.၁ - ခွဲခြားဆက်ဆံမှုမပြုရန်မူဝါဒ

လူနာနှင့်ဒေသအသိုင်းအဝိုင်း၏ ကျန်းမာရေးသည်သာ ပထမဦးစားပေးဖြစ်သည်။ စောင့်ရှောက်ကုသမှု လိုအပ်သူ မည်သူမဆို လူမျိုး၊ တိုင်းရင်းသား၊ နိုင်ငံသား၊ လိင်အမျိုးအစားနှင့် လိင်အမျိုးအစား ခံယူချက်၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးခံယူချက် နှင့် လူမှုရေးအဆင့်အတန်းခွဲခြားခြင်းမပြုဘဲ ဝန်ဆောင်မှုပေးရမည်။ ဝန်ထမ်းများသည် ၎င်းတို့၏ ကိုယ်ပိုင်ယုံကြည်ချက်များအား အလုပ်နှင့် ရောထွေးခွင့်မရှိပေ။ အဖွဲ့အစည်းကိုယ်စားပြု၍အလုပ်လုပ်နေချိန်အတွင်း မည်သည့်နိုင်ငံရေးပါတီ အတွက်မျှ ထောက်ခံအားပေးခြင်းများမပြုလုပ်ရ။

### ၈.၂ - ဘက်လိုက်မှုမရှိခြင်း

အလုပ်အတွက်တာဝန်ခံမှုရှိစေရန်နှင့် ယုံကြည်ထိုက်ရန်အတွက် မည်သည့်ဝန်ထမ်းမဆို အပေးအယူသဘောဖြင့် ပေးကမ်းသောလက်ဆောင်ပဏ္ဏာများအား လက်ခံခြင်းမပြုရ။ လူနာဆီမှ ကျေးဇူးတင်ကြောင်းချီးမွမ်းသည့်အနေဖြင့် သော်လည်းကောင်း မည်သည့်ဝန်ထမ်းမှ လူနာဆီမှငွေကြေးရယူခြင်းမပြုရ။ အဖွဲ့အစည်းအား လှူဒါန်းလိုသူမည်သူ မဆိုအား အလှူငွေပုံး (သို့မဟုတ်) ကျန်းမာရေးကော်မတီဆီသို့ လမ်းညွှန်နိုင်ပါသည်။

### ၈.၃ - တာဝန်ခံမှုရှိခြင်း

မိမိတို့၏အကူအညီကို တောင်းခံသောသူများနှင့် မိမိတို့ကိုအရင်းအမြစ်ထောက်ပံ့သူများအား နှစ်ဖက်စလုံးအပေါ် မိမိတို့ ကိုယ်တိုင်တာဝန်ခံမှုရှိပါသည်။

### ၈.၄ - အချက်အလက်များအား လုံခြုံမှုနှင့် ထိန်းသိမ်းမှုရှိခြင်း

ဝန်ထမ်းများအားလုံးသည် သတင်းအချက်အလက်များအားထိန်းသိမ်းခြင်းအလေ့အထကို မဖြစ် မနေလိုက်နာရမည်။ အလုပ်ထဲတွင် ကျွန်တော်တို့သည် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှု ရှိခြင်းတို့အား စည်းမျဉ်းစည်းကမ်း နှင့်အညီနေထိုင်ကျင့်သုံးရသည်။ သို့သော် ထိလွယ်ရှလွယ် သောနိုင်ငံရေး အခြေအနေများကြောင့် ဝန်ထမ်းများ အားလုံးသည် လူနာများ၊ စီမံကိန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဝန်ထမ်းများနှင့်ဆိုင်သော ငွေကြေးကဏ္ဍများနှင့် ပါတ်သတ်သော သတင်းအချက်အလက်များ ပြောဆိုရာတွင် သတိကြီးစွာထားရမည်ဖြစ်သည်။ အထိအခိုက်မခံသော အရေးကြီးသည့် သတင်းများဖြန့်ဝေခြင်းသည် မိမိတို့အလုပ်၊ ဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးလျက်ရှိသော ဒေသ အသိုင်းအဝိုင်းတို့အား ထိခိုက်စေနိုင်သည်။

အကယ်၍ပြင်ပလူတစ်ဦးတစ်ယောက်၊ သုတေသနပြုသူ၊ သတင်းကြေငြာသူ သို့မဟုတ် သတင်းထောက်မှနေ၍ အဖွဲ့အစည်း၊ စီမံကိန်း သို့မဟုတ်ဝန်ထမ်းတစ်ယောက်၏အကြောင်း သတင်းအချက်အလက် တစ်စုံတစ်ရာမေးမြန်းလာ လျှင် ဂဘ်ဆိုဒ်ရှိသတင်းအချက်အလက်များကို ကြည့်ရှုနိုင်ကြောင်းအကြံပြုခြင်း သို့မဟုတ် မေးမြန်းသူ၏ ဆက်သွယ် ရန်နံပါတ်အား တောင်းယူ ထားပြီးဒေသခေါင်းဆောင်၊ လက်ထောက်အမှုဆောင်ဒါရိုက်တာ (သို့မဟုတ်) အမှုဆောင် ဒါရိုက်တာ နှင့်တိုင်ပင်ပြီးမှသာလျှင်ပြန်လည်ဆက်သွယ်ဖြေကြားရမည်။

### ၈.၅ - ထိပါးနှောက်ယှက်ခြင်း

ဝန်ထမ်းများကြားရှိ ကိုယ်ထိလက်ရောက်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ မည်သည့်ထိပါးနှောက်ယှက်ခြင်းကိုမဆို လက်သင့် ခံမည်မဟုတ်ပါ။ အကယ်၍ဖြစ်ပွားခဲ့လျှင် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် အလုပ်မှ ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သည်။ ထိပါးနှောက်ယှက်ခြင်းဟုဆိုရာတွင် လုပ်ဖော်ကိုင်ဖက်များအား လုပ်ငန်းခွင်အတွင်း အနှောက်အယှက်ဖြစ်စေသည့်

လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း (နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ)၊ အနိုင်ကျင့်ခြင်း နှင့်အခြားသော မတရားနိုပ်စက် ညှင်းပန်းခြင်းများလည်းပါဝင်သည်။

အကယ်၍ သင်သည်ထိပါးနှောက်ယှက်မှုတစ်စုံတစ်ရာအကြောင်း သံသယရှိလျှင် သို့မဟုတ် သိရှိလျှင် အမှုအား စုံစမ်းစစ်ဆေးမည့် VTHCတာဝန်ခံ၊ အမှုဆောင်ဒါရိုက်တာ၊ ကျေးရွာကျန်းမာရေးကော်မတီထံသို့ တိုင်ကြားနိုင်ပါသည်။ သံသယဖြစ်ဖွယ်အခြေအနေအား တိုင်ကြား လာသည့် မည်သူကိုမဆိုအမည်ဖော်ပြခြင်းမပြုဘဲ ထိုတိုင်ကြားမှုအတွက် လည်း မည်သည့်တာဝန်မှ ယူခိုင်းမည်မဟုတ်ပါ။

## ၈.၆ - မူးယစ်ဆေးဝါးနှင့်အရက်သေစာ

ဝန်ထမ်းများအားလုံးသည် အလုပ်ချိန်အတွင်း၊ အဖွဲ့အစည်းအားကိုယ်စားပြုအနေဖြင့် ရှိနေချိန်အတွင်း သို့မဟုတ် အလုပ်ခွင် (လုပ်ငန်းတာဝန်အရ ရောက်ရှိနေသောနေရာ၊ VTHC အဆောက်အဦး သို့မဟုတ် ခြံဝန်း)တွင်ရှိနေချိန် အတွင်း အရက်သေစာနှင့် အခြားသောမူးယစ်ဆေးဝါးများ သုံးစွဲခွင့်မရှိပါ။ မူးယစ်ဆေးဝါး (သို့မဟုတ်) အရက်သေစာ သောက်စားလျက်ရှိသော ဝန်ထမ်းသည် ၎င်း၏လုပ်ငန်းစွမ်းဆောင်ရည်အပေါ် ကျေနပ်ဖွယ်ဖြစ်အောင်လုပ်ဆောင် ရာတွင်အကန့်အသတ်ရှိနိုင်ပါသည်။

အရက်သေစာနှင့်မူးယစ်ဆေးဝါးအသုံးပြုခြင်းအား သံသယရှိလျှင် ဒေသတာဝန်ခံ၊ VTHC တာဝန်ခံ၊ ကျေးရွာ ကျန်းမာရေးကော်မတီ၊ အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် လက်ထောက်အမှုဆောင်ဒါရိုက်တာတို့အား တိုင်ကြားနိုင်သည်။ ထိုမှသာ လိုအပ်သော အကူအညီနှင့်အထောက်အပံ့များ လုပ်ဆောင်ပေး နိုင်မည်ဖြစ်သည်။

## ၈.၇ - ပွင့်လင်းနေရာမူဝါဒ

ဝန်ထမ်းများအားလုံးသည် အဖွဲ့၏တစ်စိတ်တစ်ပိုင်းဖြစ်သည့်အလျောက် ပွင့်လင်းမှုနှင့် ရိုးသားမှုသည် လုပ်ငန်းခွင်အား အပြုသဘောဆောင်ပြီး ပိုမိုကောင်းမွန်သည့် ရလာဒ်များ ရစေရန်အတွက် အရေးကြီးသည်။ အလုပ်ခန့်အပ်မှုများ၊ ပေးအပ်သည့်တာဝန်၊ တာဝန်ဝတ္တရား၊ လုပ်ဆောင်နိုင်စွမ်းနှင့် လုပ်ဖော်ကိုင်ဖက်များကြားရှိ ပဋိပက္ခများနှင့်ဆိုင်သော မည်သည့်မေးခွန်းကို မဆို ကြီးကြပ်သူနှင့် တိုင်ပင်ဆွေးနွေးနိုင်သည်။

ဝန်ထမ်းအများအပြားပါဝင်သော ကိစ္စများနှင့် ပြဿနာများကို ဝန်ထမ်းအစည်းအဝေးတွင် ဆွေးနွေးနိုင်သည်။ မည်သည့်အလုပ်သမားမဆို ဝန်ထမ်းအစည်းအဝေးခေါ်ရန်အတွက် ခေါင်းဆောင်အားတောင်းဆိုနိုင်သည်။ အကယ်၍ ကိစ္စသည် အထိအခိုက်မခံသော အရေးကြီးသည့် ကိစ္စဖြစ်ပါက (အဆင့်များပိုင်းခြားထားသည့်) အရေးယူ ဆောင်ရွက်ရန်အတွက် ဒေသအဆင့်ထက် ကျော်လွန်ဆောင်ရွက်ရမည်ဖြစ်သည်။

## ၈.၈ အကျိုးစီးပွားပဋိပက္ခ

ဝန်ထမ်းများအားလုံးသည် အဖွဲ့အစည်း၏ကောင်းကျိုးစီးပွားအပေါ် သစ္စာရှိရန်လိုအပ်ပြီး အကျိုးစီးပွားပဋိပက္ခ ဖြစ်စေမည်ဟု နားလည်မှုလွဲစေမည့် လုပ်ဆောင်ချက်များကို ရှောင်ရှားရန်လိုအပ်ပါသည်။

ဝန်ထမ်းများအနေဖြင့် ပုဂ္ဂိုလ်ရေးလက်ဆောင်များ (ကျေးဇူးတင်ကြောင်းပြသည့် ပမာဏထက် ကျော်လွန်ပြီး) သို့မဟုတ် မိတ်ဖက်အဖွဲ့များ၊ လူနာများ သို့မဟုတ် အလှူရှင်များ၏ ပေးကမ်းခြင်းများအား နယ်မြေတာဝန်ခံ (VTHC တာဝန်ခံ၊ ကျေးရွာကျန်းမာရေးကော်မတီ)၊ အမှုဆောင်ဒါရိုက်တာ သို့မဟုတ် လက်ထောက်အမှုဆောင် ဒါရိုက်တာတို့၏ ခွင့်ပြုချက်မရှိဘဲ လက်ခံခြင်းများမပြုလုပ်သင့်ပါ။ အဖွဲ့အစည်းများ၊ ပါတီများ၊ လုပ်အားပေးသူများ နှင့်လည်း အကျိုးစီးပွားပဋိပက္ခကိုဖြစ်စေမည့် အလုပ်သဘောဆက်ဆံရေးများတည်ဆောက်ခြင်းမှလည်း ရှောင်ကျဉ် သင့်သည်။

# အခန်း(၉)

## ၉.၁ - VTHC တာဝန်ခံ၏ တာဝန်နှင့်ဝတ္တရားများ

VTHCတာဝန်ခံသည် ကျေးရွာအုပ်စု၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆိုင်သောလုပ်ငန်းစဉ်များနှင့် အုပ်ချုပ်မှုနှင့် ဆိုင်သောတာဝန်များအပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားလုံးကို အဓိကစီမံခန့်ခွဲရသူဖြစ်သည်။

**၁။ စီမံခန့်ခွဲမှု**

**၁.၁ ။VTHC၏လုပ်ငန်းများအား စီမံခန့်ခွဲမှု**

- VTHC ၏လုပ်ငန်းဆောင်တာများအား တာဝန်ခံမှုအပြည့်ဖြင့် ကြီးကြပ်ရမည်။
- VTHC၏လုပ်ငန်းဖြစ်သော ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းအားဆောင်ရွက်နိုင်ရန် တာဝန်ရှိသည်။
- ကြီးကြပ်ရေးမှူးများအတွက် လစဉ်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် ဦးဆောင်ရမည်။
- ကြီးကြပ်ရေးမှူးများမှ တင်ပြသောလုပ်ငန်းအစီအစဉ်များအား ကြည့်ရှုသုံးသပ်ပြင်ဆင်ပြီး ၎င်းတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။
- ဒေသကျန်းမာရေးလုပ်သားများအား ဆေးကုသမှုနှင့်ဆိုင်သော ဝန်ဆောင်မှုများနှင့် ကွင်းဆင်းလုပ်ဆောင်မှုများတွင် ၎င်းတို့၏ကြီးကြပ်ရေးမှူးများ ပျက်ကွက်မှုရှိခဲ့လျှင် ကူညီလမ်းပြပေးရမည်။
- မြို့နယ်ကျန်းမာရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် စီမံကိန်းလုပ်ဆောင်ချက်များအား ဆောင်ရွက်ရာတွင် အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည်။
- ဖိအားများသောအခြေအနေများတွင် သင့်တင့်လျောက်ပတ်အောင် စီမံခန့်ခွဲနိုင်ရမည်။
- VTHCကော်မတီအစည်းအဝေးများအား စီစဉ်ဆောင်ရွက်၍ ဦးဆောင်ဆွေးနွေးရမည်။
- ၎င်း၏နယ်ပယ်နှင့်သက်ဆိုင်သော စီမံကိန်းအဆိုပြုချက်ရေးသားရာတွင် မဖြစ်မနေ ပါဝင်ရမည်။

**၁.၂ ။ဝန်ထမ်းများအား အုပ်ချုပ်မှု**

- လစဉ် ဝန်ထမ်းအစည်းအဝေး ကျင်းပရမည်။
- ဝန်ထမ်းအယောက်ချင်းစီတိုင်းအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ညှိနှိုင်းစီစဉ်ပေးရမည်။
- အကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် ခက်ခဲသောအခြေအနေများတွင် ဝန်ထမ်းများခံနိုင်ရည်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။
- ဒေသတွင်းလစ်လပ်ရာထူးများအား ရွေးချယ်ခန့်အပ်ရာတွင် ဦးဆောင်ရမည်။
- ဝန်ထမ်းစွမ်းဆောင်ရည်စစ်ဆေးမှုပုံစံများနှင့် အခြားသောအကဲဖြတ်မှုပုံစံများအားအသုံးပြု၍ ၎င်း၏လက်အောက်ရှိ ဝန်ထမ်းများအကောင်းဆုံးသောလုပ်ဆောင်မှု ရလာဒ်များထွက်ပေါ်လာစေရန်အတွက် ကြီးကြပ်ရမည်။
- ဝန်ထမ်းများအကြားပဋိပက္ခများဖြစ်ပေါ်လျှင် သင့်တော်သောဖြေရှင်းနည်းများအသုံးပြု၍ ထိန်းကျောင်းရမည်။
- ဝန်ထမ်းများအား လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းတည်ဆောက်ပုံ၊ အုပ်ချုပ်မှုပုံစံ၊ လူ့အရင်းအမြစ်မူဝါဒများနှင့် အသစ်ပြင်ဆင်ချက်များကို အကြံဉာဏ်ဆက်လမ်းညွှန်ပေးရန် တာဝန်ရှိသည်။

**၁.၃ ။ရုံး/စင်တာ စီမံအုပ်ချုပ်ရေး**

- ရုံး/စင်တာရှိ အခြေခံအဆောက်အဦးများ၊ ပိုင်ဆိုင်ပစ္စည်းများနှင့် သိုလှောင်သိမ်းဆည်းထားသော အထောက်အကူပြုပစ္စည်းများအား ပုံမှန်စီမံခန့်ခွဲပြီး မှတ်တမ်းများအား ထိန်းသိမ်းထားရမည်။
- ဆေးခန်းတွင်ဆေးကုသမှု ခံယူလျက်ရှိသောလူနာများ၊ မိမိ၏ကျန်းမာရေးလုပ်သားများနှင့် ဆေးခန်းပတ်ဝန်းကျင်ရှိလူများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုံခြုံမှုရှိစေရန် ဂရုစိုက်ဆောင်ရွက်ရမည်။

**၁.၄။ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု**

- နေ့စဉ်နှင့်လစဉ် ငွေစာရင်းများအား ကြီးကြပ်ခြင်း၊ စီစဉ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများပြုလုပ်ရမည်။
- ၎င်း၏စီမံမှုအောက်တွင်ရှိသော လုပ်ငန်းစဉ်များအတွက်လိုအပ်သော လစဉ်အသုံးစာရင်းများအား ခန့်မှန်းပြီးနောက် တောင်းခံမှုများအား ပြုလုပ်ရမည်။
- ယေဘူယျငွေကြေးဆိုင်ရာလစဉ်အစီရင်ခံစာအားပြင်ဆင်ရန် တာဝန်ရှိသည်။

**၁.၅။ ဆေးဝါးစီမံခန့်ခွဲမှု**

- အမှာစာများနှင့်ပေးပို့ခြင်းများအား အချိန်မှီဖြစ်စေရန်နှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရန် ကြီးကြပ်ရမည်။

- ဆေးဂါးစီမံခန့်ခွဲရန်တာဝန်ရှိသော ဆေးကုသရေးကြီးကြပ်ရေးမှူး၏အကူအညီဖြင့် မမျှော်လင့်ဘဲ သက်တမ်းကုန်ဆုံးသွားသော (သို့မဟုတ်) ပျက်စီးသွားသော ဆေးဝါးများ၊ ဆေးဝါးအထောက်အကူပြုပစ္စည်းများနှင့် ကိရိယာများ၏ပမာဏအား အတတ်နိုင်ဆုံးလျှော့ချနိုင်ရန် ကွပ်ကဲကြီးကြပ်ရမည်။
- ဆေးစတိုခန်း၏မှတ်တမ်းစာအုပ်များနှင့် အခြားမှတ်တမ်းများအား သိမ်းဆည်းထားရမည်။

**၁.၆။ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပစ္စည်းဝယ်ယူရေးစီမံခန့်ခွဲမှု**

- ပိုင်ဆိုင်မှုများနှင့်သိုလှောင်မှု မှတ်တမ်းများအားသိမ်းဆည်းခြင်းနှင့် လက်အောက်ငယ်သားများက အကြံပြုသည့် လိုအပ်ချက်များအား ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်းများ ပြုလုပ်ရမည်။
- ဝန်ထမ်းများ (သင်တန်းသွားတက်မည့်)ခရီးစဉ်များအားစီစဉ်ခြင်း၊ ခရီးစရိတ်ကြိုတင်တောင်းခံခြင်းနှင့် ခရီးစဉ်အား ခွင့်ပြုပေးခြင်းတို့အား ပြုလုပ်ရမည်။
- မိခင်အဖွဲ့အစည်းမှချမှတ်ထားသော ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်အညီ ဒေသတွင်းဝယ်ယူနိုင်သော သိုလှောင်ပစ္စည်းများ (အထောက်အကူပြု ပစ္စည်းများ)ကို ဝယ်ယူရမည်။

**၂။ ဆက်သွယ်ပြောဆိုရေး၊ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း**

**၂.၁။** ဒေသခံအာဏာပိုင်များ၊ ဒေသခံလူထုများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်ရမည်။

**၂.၂။** ဒေသခံဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများ (ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး)နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**၂.၃။** အလှူရှင်များနှင့် အာဏာပိုင်များထံ သွားရောက်လည်ပတ်ခြင်းစသော ဆက်ဆံရေးကိစ္စများ ဆောင်ရွက်ရမည်။

**၂.၄။** လွှဲပြောင်းပေးခြင်းကွန်ယက်ချိတ်ဆက်မှု

- ဒေသခံတိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် အစိုးရဆေးရုံများအကြား လူနာချိတ်ဆက်လွှဲပြောင်းပေးရေးကွန်ယက် တည်ဆောက်ပြီး ပိုမိုအားကောင်းအောင် ဆောင်ရွက်ရမည်။
- လွှဲပြောင်းပေးသည့် လူနာတဦးချင်းစီအတွက် အချက်အလက်ပြည့်စုံပြီး သေချာစွာလက်မှတ် ရေးထိုးထားသော လွှဲပြောင်းစာကို ပြင်ဆင်ရမည်။
- လွှဲပြောင်းခံလူနာ၏တောင်းဆိုမှု (သို့မဟုတ်) လိုအပ်မှုအပေါ်မူတည်၍ ဖြစ်နိုင်မည်ဆိုလျှင် လွှဲပြောင်းပေးမည့်လူနာကို ကူညီရန်ဝန်ထမ်းတစ်ဦး စီစဉ်ပေးရမည်။

၂.၅။ ဌာနချုပ် (သို့မဟုတ်) အခြားသောအထောက်အကူပြုဌာနများနှင့် ပြောဆိုဆက်သွယ်ခြင်း ချိတ်ဆက်မှု

- သတင်းအချက်အလက်အသစ်များရရှိရန်နှင့် အမိန့်စာများအချိန်မှီရရှိရန်အတွက် ဌာနချုပ်(သို့မဟုတ်) အခြားသောအထောက်အကူပြုဌာနများနှင့် စဉ်ဆက်မပြတ်အဆက်အသွယ် ပြုလုပ်ပါ။

**၃။ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း**

**၃.၁ ။စောင့်ကြည့်လေ့လာခြင်း**

- သင့်လျော်သောစစ်ဆေးရမည့်စာရင်း၊ ပုံစံများနှင့်အတူ ပုံမှန်(လစဉ်)နှင့် အချိန်မှန်စောင့်ကြည့်ခြင်းများ လုပ်ဆောင်ရမည်။

**၃.၂။ လုပ်ဆောင်ချက်အစီရင်ခံစာ**

- ပုံမှန်(လစဉ်)နှင့် အချိန်မှန်အစီရင်ခံစာများအား မိခင်အဖွဲ့အစည်း (ဥပမာ. မြို့နယ်ကျန်းမာရေးမှူး)နှင့် လိုအပ်ပါက အခြားအထောက်အကူပြုအဖွဲ့အစည်းများထံ ပေးပို့ရမည်။
- အကယ်၍ အရေးပေါ်ရောဂါရုတ်တရက်ဖြစ်ပွားခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းအား တုန့်ပြန်ခြင်း(သို့မဟုတ်) ပါဝင်ခြင်းတို့ရှိခဲ့လျှင် သီးသန့်အစီရင်ခံစာတစ်စောင် တင်ပြရမည် ဖြစ်သည်။

### ၃.၃။ ငွေကြေးအစီရင်ခံစာ

- ပုံမှန်(လစဉ်)နှင့် အချိန်မှန်ငွေစာရင်းအစီရင်ခံစာများ ရေးသားတင်ပြရမည်။
- လက်ရှိ နောက်ဆုံးပိုင်ဆိုင်မှုများနှင့် သို့လှောင်မှုစာရင်းအား မိခင်အဖွဲ့အစည်းနှင့် အခြားအထောက် အကူပြု အဖွဲ့အစည်းများ သို့တင်ပြရမည်။
- အလုပ်ခန့်အပ်ခြင်းဆိုင်ရာအစီရင်ခံစာများ၊ လုပ်ဆောင်မှုအကဲဖြတ်ခြင်းများနှင့် ပဋိပက္ခဆိုင်ရာ အစီရင်ခံစာများအား မိခင်အဖွဲ့အစည်း နှင့်အခြားအထောက်အကူပြု အဖွဲ့အစည်းများသို့တင်ပြရမည်။

### ၃.၄။ သင်တန်းအစီရင်ခံစာ

- သင်တန်းများပြုလုပ်ချိန်တိုင်းတွင် သင်တန်းအစီရင်ခံစာများကို အရေအတွက်အရသော်လည်းကောင်း အရည်အသွေးအရပါ မိခင်အဖွဲ့အစည်းနှင့် အခြားအထောက်အကူပြု အဖွဲ့အစည်းများထံသို့ တင်ပြရမည်။
- သင်တန်းသားများ၏ ပေးပို့သောသင်တန်းနှင့်ပတ်သတ်သည့် တုံ့ပြန်ချက်များနှင့် အနာဂါတ်တွင် ဖွင့်လှစ်ပေးရန် မျှော်လင့်သောသင်တန်းများအား မှတ်တမ်းတင် လက်ဆင့်ကမ်းပေးရမည်။

### ၃.၅။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအစီရင်ခံစာ

- ပုံမှန်နှင့်အချိန်မှန် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အစီရင်ခံစာအား မိခင်အဖွဲ့အစည်းနှင့် အခြားအထောက်အကူပြု အဖွဲ့အစည်းများထံတင်ပြရမည်။

### ၄။ အရည်အချင်း

- ပြည်သူ့ကျန်းမာရေးလုပ်သား အဆင့်(၂)၊ HA သို့မဟုတ် EmOC နှင့် HFM စသည့် သင်တန်းများ ပြီးဆုံးထားကြောင်း သက်သေပြနိုင်သော စာရွက်စာတမ်းများရှိရမည်။
- CPH/HISသင်တန်းပြီးစီးလျှင် ပိုမိုကောင်းမွန်သည်။

### ၅။ သတ်မှတ်ချက်

- လူသိများသော ကျန်းမာရေးအဖွဲ့အစည်း (တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း) များတွင် ဆေးကုသခြင်း ဆိုင်ရာ လက်တွေ့လုပ်ဆောင်ခြင်းနှင့်အတူ ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ၃နှစ်ထက် မနည်းရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

## ၉.၂ - ဆေးကုသရေးကြီးကြပ်၏ တာဝန်နှင့်ဝတ္တရားများ

**ဆေးကုသရေး**ကြီးကြပ်သည် VTHC တာဝန်ခံ၏လက်အောက်တွင် အလုပ်လုပ်ရသည်။ ဦးတည်အုပ်စုရှိ ဒေသဆိုင်ရာရောဂါများအားလုံးကို လွှမ်းခြုံကွပ်ကဲရမည်။ ကျန်းမာရေး လုပ်သားများအား ကြီးကြပ်ပြီး VTHC တာဝန်ခံလိုအပ်သည်များကို ကူညီပေးရမည့်အပြင် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း လုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့် ကျင့်ဝတ်များအားစောင့်ထိန်း၍ တာဝန်ခံမှုရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ် တိကျလေးစားမှုရှိရမည်။

### ၁။ ဒေသဆိုင်ရာစောင့်ရှောက်မှု

**၁.၁။** တာဝန်ပေးအပ်ထားသော ကျေးရွာ၊ လွှမ်းခြုံသောကျေးရွာများနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးရာဆေးခန်း၏ ဧရိယာတွင်းရှိ ဒေသဆိုင်ရာရောဂါများအား သွားရောက် ကြီးကြပ်ရမည်။

**၁.၂။** ဒေသအတွင်းရှိ ရောဂါကူးစက်မှုကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်မှုအစီအစဉ်များအား ကြီးကြပ်ရမည်။

**၁.၃။** ဌာနချုပ်ရှိ HIS အဖွဲ့၏ အစိတ်အပိုင်းအဖြစ် ဒေသဆိုင်ရာ HIS စာရွက်စာတမ်းများ (ဥပမာ စောင့်ကြည့်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေးများ စသည်ဖြင့်)ကို သေချာစွာ စုစည်းပြင်ဆင်ရမည်။

**၁.၄။** မျှော်လင့်ထားသော (သို့မဟုတ်) မမျှော်လင့်ထားသော ဘေးအန္တရာယ်များဖြစ်ပေါ်လာလျှင် မိမိတွင် ရှိနေသော အရင်းအမြစ် အကန့်အသတ် အခြေအနေပေါ်မူတည်၍ အရေးယူဆောင်ရွက်မှုများ တုန့်ပြန်မှုများကို စောလျင်စွာ ဆောင်ရွက်ရမည်။

**၁.၅။** အသိပညာမြှင့်တင်ခြင်း၊ လူထုပိုမိုလက်ခံလာအောင် ဆောင်ရွက်ခြင်းနှင့် လူထုပါဝင်ဆောင်ရွက်မှုအားဖြင့် သုတေသနပြုလုပ်ခြင်း (PAR)စသည့် လူမှုအသိုင်းအဝိုင်းအား သက်ဝင်လှုပ်ရှားစေသည့် လုပ်ဆောင်မှုများတွင် ခေါင်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်မှုအားဖြင့် ဒေသအခြေပြုစီမံကိန်းတစ်ခုချင်း (ဥပမာ WATSAN၊ အသက်မွေးဝမ်းကြောင်း စသည်ဖြင့်)စီမှ ရေရှည်တည်တံ့သော ရလာဒ်များရရှိအောင် ကြိုးပမ်းရမည်။

**၁.၆။** ဒေသခံကျန်းမာရေးလုပ်သားများမှ တောင်းဆိုလာပါက ၎င်းတို့အား နောက်ဆုံးဖြစ်သော(update) လူထုကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များနှင့်ပတ်သက်ပြီး သင်တန်းပေးပို့ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း နှင့် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရမည်။

**၁.၇။** ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်သည့် ဒေသခံ CMEများ ပို့ချပေးရမည်။

**၁.၈။** ဒေသအတွင်းရှိ လူထုအားလုံးအတွက် ကွင်းဆင်းလုပ်ဆောင်ခြင်း၊ အိမ်တိုင်ရာရောက် ကျန်းမာရေးပညာပေး ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းအခန်းကဏ္ဍများ လုပ်ဆောင်ရန်အတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် အချိန်ဇယား ရေးဆွဲခြင်းများ ဆောင်ရွက်ရမည်။

**၁.၉။** ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းအခန်းကဏ္ဍများအား ချမှတ်ထားသည့် လမ်းညွှန်များနှင့်သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်လျက်ရှိမရှိ ပြန်လည်ဆန်းစစ်ခြင်းများ ဆောင်ရွက်ရမည်။

**၂။ ဆေးကုသရေးစောင့်ရှောက်မှု (ဆေးခန်းအထိုင်)**

**၂.၁။** ရောဂါအမည်တပ်ခြင်း၊ စုံစမ်းစစ်ဆေးမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအား သတ်မှတ်ထားသော စစ်ဆေးရန် ပုံစံများအတိုင်းလုပ်ဆောင်ခြင်းများ၊ သွားရောက်စစ်ဆေးသည့်ရလာဒ်များအတွက် နောက်ဆက်တွဲလုပ်ဆောင်ရန်များ နှင့် ကုသမှုများအား ကြီးကြပ်ခြင်းတို့အတွက် အဓိကတာဝန်ရှိသည်။

**၂.၂။** ဆေးခန်း/စင်တာအတွင်းရှိ ကူးစက်ရောဂါကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း လုပ်ဆောင်ချက်များအား ကြီးကြပ်ရ မည်။

**၂.၃။** HISဆိုင်ရာစာရွက်စာတမ်းများ(logbook/medical record)အား သေချာစွာ စုစည်းပြင်ဆင်ရမည်။

**၂.၄။** Logbook, medical recordများအား ပြန်လှန်စစ်ဆေးခြင်း၊ ဝန်ထမ်းများ၏စွမ်းရည်ပြန်လည်ဆန်းစစ်ခြင်း၊ CME သင်တန်းများမှရရှိလာသော ကုသရေးအသိပညာများအား ပြန်လည်ဝေမျှခြင်း၊ case studyပြုလုပ်ခြင်းနှင့် လူနာ၏ စိတ်ကျေနပ်မှုအား အကဲဖြတ်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ရမည်။

**၂.၅။** ဒေသအတွင်းပြုလုပ်သောCMEအလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရမည်။

**၃။ စီမံခန့်ခွဲမှု နှင့် ကြီးကြပ်မှု**

**၃.၁။** လိုအပ်ပါက ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ရေးဆိုင်ရာ အကဲဖြတ်အဖွဲ့တွင် ပါဝင်ရမည်။

**၃.၂။** VHWများ / ဒေသဆိုင်ရာကျန်းမာရေးလုပ်သားများ ရွေးချယ်ခန့်အပ်ရာတွင် စတင်လုပ်ဆောင်ခြင်း၊ ညှိနှိုင်း ပေးခြင်းများပြုလုပ်ရမည်။

**၃.၃။** VTHCတာဝန်ခံမှ ခွဲဝေပေးသောတာဝန်များအား တာဝန်ခံဆောင်ရွက်ရမည်။

**၃.၄။** ဆေးဂါးများတောင်းဆိုခြင်းနှင့် မှာယူခြင်းလုပ်ငန်းများတွင် ပါဝင်ရမည်။

**၄။ အစီအစဉ်ဆွဲခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**

**၄.၁။** VTHC တာဝန်ခံနှင့်အတူ ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။
**၄.၂။** မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ရှုသောရောဂါများနှင့်ပါတ်သတ်သောသင်တန်းများ စတင်ခြင်းနှင့် သင်တန်းပေးခြင်းတို့အပြင် ဒေသအသိုင်းအဝိုင်းနှင့် သက်ဆိုင်သော ကိစ္စများအတွက် လစဉ်ကျန်းမာရေးပညာပေးခြင်း၊ ဆွေးနွေးအကြံပေးခြင်းတို့အတွက် ဆောင်ရွက်ရမည်။
**၄.၃။** လွှဲပြောင်းနိုင်သောကွန်ယက်တည်ဆောက်ခြင်းနှင့် မိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ပြောဆိုရာတွင် VTHC တာဝန်ခံနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။
**၄.၄။** VTHC တာဝန်ခံတို့နှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ပါဝင်တက်ရောက်ရမည်။

**၅။ လူနာလွဲပြောင်းမှု**

**၅.၁။** လူနာလွဲပြောင်းရာတွင် ဆုံးဖြတ်ချက်ချရာတွင် တာဝန်ရှိသည်။

**၅.၂။** လွဲပြောင်းမည့်စင်တာနှင့် လိုအပ်သည့်ပြောဆိုဆက်သွယ်မှုများပြုလုပ်ရမည်။
၅.၃။ လွဲပြောင်းသည့်လုပ်ငန်းစဉ်အား စီစဉ်ပြီး လုပ်ဖော်ကိုင်ဖက်များအား ကြီးကြပ်ရမည်။

**၆။ အစီရင်ခံခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**၆.၁။** VTHCတာဝန်ခံထံသို့ လစဉ်အစီရင်ခံစာများ ရေးသားတင်ပို့ရမည်။

**၆.၂။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကို မှတ်တမ်းတင်ခြင်းနှင့်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

**၆.၃။** ကြီးကြပ်သူမှ တိုက်ရိုက်ပေးအပ်သော တာဝန်များအပြင် စီမံခန့်ခွဲရေးအဖွဲ့မှ သွယ်ဝိုက်၍တောင်းဆိုလာသော တာဝန်များအား ထမ်းဆောင်ရမည်။

**၇။ အရည်အချင်း**

- အဆင့်မြင့်သင်တန်းပြီးမြောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ (လူထုအခြေပြု ကျန်းမာရေးလုပ်သားသင်တန်း အဆင့်-၂၊ Certificate in Health Facility Managementနှင့် Certificate in Public Health (သို့မဟုတ်) Public Health Institute (သို့မဟုတ်) ဆေးဂါးပစ္စည်းဆိုင်ရာ စီမံခန့်ခွဲရေး သင်တန်း)စသည်တို့ ကို ပြသနိုင်ရမည်။

**၈။ သတ်မှတ်ချက်**

- ပြည်သူ့ကျန်းမာရေး သို့မဟုတ် ဆေးကုသရေးဆိုင်ရာစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှု နယ်ပါယ်တွင် ဒေသဆိုင်ရာကျန်းမာရေးလုပ်သားအနေဖြင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂နှစ် ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

## ၉.၃ - မိခင်နှင့်ကလေး ကျန်းမာရေးကြီးကြပ်၏ တာဝန်နှင့်ဝတ္တရားများ

မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်သည် VTHC တာဝန်ခံလက်အောက်တွင်အလုပ်လုပ်ရမည်။ ဦးတည်အုပ်စုရှိ မိခင်နှင့် ကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှုများအား ကြီးကြပ်ရမည်။ မိခင်နှင့်ကလေးကျန်းမာရေးလုပ်သားများ (MCHW) အား ကြီးကြပ်ခြင်း၊ VTHC တာဝန်ခံလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်းတို့အပြင် VTHC တာဝန်ခံ၏ လက်အောက်တွင် အခြားသောလုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း တို့ကို လုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့် ကျင့်ဝတ်များအားစောင့်ထိန်း၍ တာဝန်ခံမှု ရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ်တိကျလေးစားမှုရှိရမည်။ ကြီးကြပ်သူမှ တိုက်ရိုက်တာဝန်ပေးအပ်သော တာဝန်များနှင့် စီမံခန့်ခွဲမှုအဖွဲ့မှသွယ်ဝိုက်၍ တောင်းဆိုလာသောတာဝန်များအား ထမ်းဆောင်ရမည်။

**၁။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး**

**၁.၁။** တာဝန်ပေးအပ်ထားသော ကျေးရွာ၊ ကျန်းမာရေးဝန်ဆောင်မှုပေးရာနေရာ လွှမ်းခြုံသော ဧရိယာတွင်းရှိ ကိုယ်ဝန်သည်များ၊ မီးဖွားခြင်းများ၊ အရေးပေါ်သားဖွားခြင်းအခြေအနေများနှင့် မိသားစုစီမံကိန်း လုပ်ဆောင်ချက်များအားလုံးကို ဆေးခန်းအခြေဆိုက်ကြီးကြပ်မှုဖြင့် ကြီးကြပ်ရမည်။

**၁.၂။** ဝန်ထမ်းများ၏လုပ်ဆောင်မှုစွမ်းရည်အကဲဖြတ်သတ်မှတ်ချက်များအရ မိမိ၏လက်အောက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များအား စီမံကြီးကြပ်ရမည်။

**၁.၃။** ရိုးရိုးပုံမှန်ကလေးမီးဖွားခြင်း အထူးသဖြင့် EmOC လုပ်ထုံးလုပ်နည်းများလုပ်ဆောင်ရန်အတွက် အဆင်သင့် ပြင်ဆင်ထားပြီး မိခင်နှင့်ကလေးကျန်းမာရေးလုပ်သား (သို့မဟုတ် သားဖွားအရံ)၏ လုပ်ဆောင်ချက်များအား လုပ်ငန်းခွင်နှင့် ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း နှစ်နေရာလုံးတွင် ကြီးကြပ်ရန်လိုအပ်သည့်အပြင် ထပ်ဆောင်း အားဖြင့် မရှိမဖြစ် မွေးကင်းစကလေး စောင့်ရှောက်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ရမည်။

**၁.၄။** မျိုးဆက်ပွားကျန်းမာရေး (မီးဖွားခန်းနှင့် အသုံးပြုသောကိရိယာများ)နှင့်ဆိုင်သော ကူးစက်ရောဂါကာကွယ် တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ဆောင်မှုများအား ကြီးကြပ်ရမည်။

**၁.၅။** ဆေးရုံးတက်ခြင်းနှင့် ဆေးရုံးဆင်းခြင်းများ၊ ကလေးမီးဖွားခြင်းများ၊ သေဆုံးခြင်းများ(မိခင်နှင့်ကလေး) သို့မဟုတ် မီးဖွားခြင်းနှင့်သက်ဆိုင်သောရောဂါများ အားလုံးကို မှတ်တမ်းတင်ရမည်။

**၁.၆။** ဆေးခန်းတွင်မွေးဖွားသော မီးဖွားမှုများနှင့် သားဖွားအရံ(သို့မဟုတ်) EHOများမှလေ့ကျင့်ပေးထားသော လက်သည်များ(TBAs)၏အကူအညီဖြင့် မီးဖွားသူများအတွက် မွေးမှတ်တမ်းထုတ်ပေးရန် တာဝန်ရှိသည်။

**၁.၇။** မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများတွင် ဦးဆောင်ရမည်။

**၁.၈။** အကယ်၍ သန္ဓေသား(သို့မဟုတ်)မိခင်တွင် မွေးဖွားချိန်မတိုင်ခင် မွေးဖွားနေချိန်နှင့် မွေးဖွားပြီးချိန်တွင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေတစ်စုံတစ်ခုတွေ့ရှိခဲ့လျှင် အခြေအနေနှင့်အရင်းအမြစ်အပေါ် မူတည်၍ ချက်ချင်းအရေးယူကုသမှုများနှင့် လွှဲပြောင်းခြင်းများ ပြုလုပ်ရမည်။

**၁.၉။** လေ့ကျင့်သင်ကြားပေးထားသော ဒေသခံလက်သည်များအတွက် မိခင်နှင့်ကလေးကျန်းမာရေးနှင့် ဆက်နွယ်သောစောင့်ရှောက်မှုများ၊ ကုသမှုလုပ်ထုံးလုပ်နည်းများနှင့် ခေတ်ပေါ်ပြဿနာကိစ္စများကို နောက်ဆုံး ရရှိသော သတင်းအချက်အလက်များအရ ကြီးကြပ်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများ လုပ်ဆောင်ရမည်။

**၁.၁၀။** မိခင်နှင့်ကလေးကျန်းမာရေးလုပ်သားများအား လမ်းညွှန်ခြင်း၊ မြေတောင်မြှောက်ခြင်းနှင့် ကြီးကြပ်ခြင်း များပြုလုပ်ရမည်။

**၁.၁၁။** မိခင်နှင့်ကလေးကျန်းမာရေးနှင့်သက်ဆိုင်သော လုပ်ဆောင်မှုများ (ဥပမာ. အာဟာရဖြည့်တင်ရေး၊ ပစ္စည်းများဖြန့်ဝေခြင်း အစရှိသည့်) အားလုံးကို စီစဉ်ကြီးကြပ်ရမည်။

**၁.၁၂။** ဒေသခံCMEတိုင်းတွင် ပါဝင်ဆောင်ရွက်ပြီး မိခင်နှင့်ကလေးကျန်းမာရေးနှင့် ဆက်နွယ်သော ခေတ်ပေါ် ပြဿနာကိစ္စ အကြောင်းအရာများတွင် ဦးဆောင်ရမည်။

**၂။ ကာကွယ်ဆေးထိုးခြင်း**

**၂.၁။** ကာကွယ်ဆေးထိုးခြင်းအတွက် အခြားအဖွဲ့အစည်းများမှကျန်းမာရေးလုပ်သားများ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ပေါင်းစည်းဆောင်ရွက်ခြင်းနှင့် ပူးတွဲလုပ်ဆောင်ခြင်း တို့ဆောင်ရွက်ရမည်ဖြစ်သည်။

၂.၂။ ကာကွယ်ဆေးထိုးရာတွင် ကာကွယ်ဆေးများအတွက် အပူချိန်ထိန်းညှိသိမ်းဆည်း သယ်ဆောင်ခြင်း လုပ်ငန်းများအား ကြီးကြပ်ရမည်။

**၃။ ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း**

**၃.၁။** သက်ဆိုင်သည့်ခေါင်းစဉ်များအပေါ် မူတည်၍ ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း များအား လစဉ်စီစဉ်ခြင်းနှင့် ရက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရမည်။

**၃.၂။** သားဖွားအရံနှင့် လေ့ကျင့်ထားသောလက်သည်များဆောင်ရွက်နေသော ကျန်းမာရေးအသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများအား လမ်းညွှန်ချက်များ၊ စစ်ဆေးမှုပုံစံများသုံး၍ ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရမည်။

**၃.၃။** အသိပညာပေးခြင်းနှင့် လူနာလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို လူထုအားလက်လှမ်းမီလာစေရန် ဆောင်ရွက်ရမည်။

**၄။ လွှဲပြောင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**

**၄.၁။** VTHC တာဝန်ခံနှင့်အတူ ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း များပြုလုပ်ရမည်။

**၄.၂။** မိခင်နှင့်မွေးကင်းစကလေးအားလွှဲပြောင်းပေးရန်ကွန်ယက်တည်ဆောက်ရန်အတွက် VTHC တာဝန်ခံနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကိုလည်း စဉ်ဆက် မပြတ် ဆောင်ရွက်နေရမည်။

**၄.၃။** လူမှုကွန်ယက်ဖော်ဆောင်ခြင်း; လွှဲပြောင်း*မည့်*စင်တာ*နှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ*တွင် လူနာ*များ* အား ကူညီ*ရမည်။*

**၅။ အစီရင်ခံခြင်းနှင့်မှတ်တမ်းတင်ခြင်း**

**၅.၁။** VTHC တာဝန်ခံဆီသို့ လစဉ်အစီရင်ခံစာများ ရေးသားပေးပို့ရန်အတွက် တာဝန်ရှိသည်။

**၅.၂။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကိုမှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်း များ ဆောင်ရွက်ရမည်။

**၅.၃။** M&Eအဖွဲ့အား ကူညီပေးပြီး ၄င်းတို့၏လုပ်ငန်းများအား လေ့လာသင်ယူရမည်။

**၆။ အရည်အချင်း**

- အဆင့်မြင့် မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ သင်တန်းများပြီးမြောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ (Basic Emergency Obstetric Care, Advanced Life Support in Obstetrics) ပြသနိုင်ရမည်။
- HFMသင်တန်း၊HISသင်တန်းများ ပြီးစီးထားလျှင် ပိုမိုကောင်းမွန်သည်။

**၇။ သတ်မှတ်ချက်**

- မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းတွင် သားဖွားအရံအနေဖြင့် လုပ်သက်အနည်းဆုံး ၂နှစ် ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

### ၉.၄ - အရေးပေါ် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်သား၏ တာဝန်နှင့်ဝတ္တရားများ

အရေးပေါ် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်သားသည် မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ် လက်အောက်တွင် အလုပ်လုပ်ရမည်။ ဦးတည်အုပ်စုရှိ မိခင်နှင့်ကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှုများအား ကြီးကြပ်ရမည်။

မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်၏လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်းတို့အပြင် VTHCတာဝန်ခံ၏ လက်အောက်တွင် အခြားသောလုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့် ကျင့်ဝတ်များအားစောင့်ထိန်း၍ တာဝန်ခံမှု ရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ်တိကျလေးစားမှုရှိရမည်။ ကြီးကြပ်သူမှ တိုက်ရိုက်တာဝန်ပေးအပ်သော တာဝန်များနှင့် စီမံခန့်ခွဲမှုအဖွဲ့မှသွယ်ဝိုက်၍ တောင်းဆိုလာသောတာဝန်များအား ထမ်းဆောင်ရမည်။

**၁။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး**

**၁.၁။** မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်၏ကြီးကြပ်မှုအောက်တွင် တာဝန်ပေးအပ်ထားသော ကျေးရွာ၊ ကျန်းမာရေးဝန်ဆောင်မှုပေးရာနေရာ လွှမ်းခြုံသော ဧရိယာတွင်းရှိ ကိုယ်ဝန်သည်များ၊ မီးဖွားခြင်းများ၊ အရေးပေါ်သားဖွားခြင်းအခြေအနေများနှင့် မိသားစုစီမံကိန်းလုပ်ဆောင်ချက်များအားလုံးကို ဆေးခန်းအခြေဆိုက်ကြီးကြပ်မှုဖြင့် ကြီးကြပ်ရမည်။

**၁.၂။** ရိုးရိုးပုံမှန်ကလေးမီးဖွားခြင်း အထူးသဖြင့် EmOC လုပ်ထုံးလုပ်နည်းများလုပ်ဆောင်ရန်အတွက် အဆင်သင့်ပြင်ဆင်ထားပြီး မိခင်နှင့်ကလေးကျန်းမာရေးလုပ်သား (သို့မဟုတ်) သားဖွားအရံ၏ လုပ်ဆောင်ချက်များအား လုပ်ငန်းခွင်နှင့် ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း နှစ်နေရာလုံးတွင် ကြီးကြပ်ရေးမှူးမရှိပါက ကြီးကြပ်ရန်လိုအပ်သည့်အပြင် မရှိမဖြစ် မွေးကင်းစကလေး စောင့်ရှောက်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ရမည်။

**၁.၃။** မျိုးဆက်ပွားကျန်းမာရေး (မီးဖွားခန်းနှင့် အသုံးပြုသောကိရိယာများ)နှင့်ဆိုင်သော ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ဆောင်မှုများအား ကြီးကြပ်ရမည်။

**၁.၄။** ဆေးရုံတက်ခြင်းနှင့် ဆေးရုံးဆင်းခြင်းများ၊ ကလေးမီးဖွားခြင်းများ၊ သေဆုံးခြင်းများ(မိခင်နှင့်ကလေး) သို့မဟုတ် မီးဖွားခြင်းနှင့်သက်ဆိုင်သောရောဂါများ အားလုံးကို မှတ်တမ်းတင်ရမည်။

**၁.၅။** ဆေးခန်းတွင်မွေးဖွားသော မီးဖွားမှုများနှင့် သားဖွားအရံ(သို့မဟုတ်) EHOများမှလေ့ကျင့်ပေးထားသော လက်သည်များ(TBAs)၏အကူအညီဖြင့် မီးဖွားသူများအတွက် မွေးမှတ်တမ်းထုတ်ပေးရန် တာဝန်ရှိသည်။

**၁.၆။** အကယ်၍ သန္ဓေသား(သို့မဟုတ်)မိခင်တွင် မွေးဖွားချိန်မတိုင်ခင် မွေးဖွားနေချိန်နှင့် မွေးဖွားပြီးချိန်တွင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေတစ်စုံတစ်ခုတွေ့ရှိခဲ့လျှင် အခြေအနေနှင့်အရင်းအမြစ်အပေါ်မူတည်၍ ချက်ချင်းအရေးယူကုသမှုများနှင့် လွှဲပြောင်းခြင်းများ ပြုလုပ်ရမည်။

**၁.၇။** လေ့ကျင့်သင်ကြားပေးထားသော ဒေသခံလက်သည်များအတွက် မိခင်နှင့်ကလေးကျန်းမာရေးနှင့် ဆက်နွယ်သောစောင့်ရှောက်မှုများ၊ ကုသမှုလုပ်ထုံးလုပ်နည်းများနှင့် ခေတ်ပေါ်ပြဿနာကိစ္စများကို နောက်ဆုံးရရှိသော သတင်းအချက်အလက်များအရ လေ့ကျင့်သင်ကြားပေးခြင်းများ ပါဝင်ရမည်။

**၁.၈။** ဒေသအတွင်း ပြုလုပ်သောCMEတိုင်းတွင် ပါဝင်ရမည်။

**၂။ ကာကွယ်ဆေးထိုးခြင်း**

**၂.၁။** ကာကွယ်ဆေးထိုးခြင်းအတွက် အခြားအဖွဲ့အစည်းများမှကျန်းမာရေးလုပ်သားများ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ပေါင်းစည်းဆောင်ရွက်ခြင်းနှင့် ပူးတွဲလုပ်ဆောင်ခြင်း တို့ဆောင်ရွက်ရမည်ဖြစ်သည်။

**၃။ ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း**

**၃.၁။** သက်ဆိုင်သည့်ခေါင်းစဉ်များအပေါ်မူတည်၍ ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများအား လစဉ်စီစဉ်ခြင်းနှင့် ရက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရမည်။

**၃.၂။** သားဖွားအရံနှင့် လေ့ကျင့်ထားသောလက်သည်များဆောင်ရွက်နေသော ကျန်းမာရေးအသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများအား လမ်းညွှန်ချက်များ၊ စစ်ဆေးမှုပုံစံများသုံး၍ ပြန်လည်သုံးသပ်ခြင်းများတွင် ပါဝင်ရမည်။

**၃.၃။** အသိပညာပေးခြင်းနှင့် လူနာလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို လူထုအားလက်လှမ်းမီလာစေရန် ဆောင်ရွက်ရမည်။

## ၄။ လူနာလွှဲပြောင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

**၄.၁။** VTHC တာဝန်ခံ/မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်တို့နှင့်အတူ ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း များပြုလုပ်ရမည်။
**၄.၂။** မိခင်နှင့်မွေးကင်းစကလေးအားလွှဲပြောင်းပေးရန်ကွန်ယက်တည်ဆောက်ရန်အတွက် အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရာတွင် မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်အား ကူညီပေးရမည်။

## ၅။ အစီရင်ခံခြင်းနှင့်မှတ်တမ်းတင်ခြင်း

**၅.၁။** VTHC တာဝန်ခံဆီသို့ လစဉ်အစီရင်ခံစာများ ရေးသားပေးပို့ရန်အတွက် မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်အား ကူညီပေးရမည်။
**၅.၂။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကိုမှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။
**၅.၃။** M&Eအဖွဲ့အား ကူညီပေးပြီး ၎င်းတို့၏လုပ်ငန်းများအား လေ့လာသင်ယူရမည်။

## ၆။ အရည်အချင်း

- အဆင့်မြင့် မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ သင်တန်းများပြီးမြောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ (Basic Emergency Obstetric Care, Advanced Life Support in Obstetrics) ပြသနိုင်ရမည်။
- HFMသင်တန်း၊HISသင်တန်းများ ပြီးစီးထားလျှင် ပိုမိုကောင်းမွန်သည်။

## ၇။ သတ်မှတ်ချက်

- မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းတွင် သားဖွားအရံအနေဖြင့် လုပ်သက်အနည်းဆုံး ၂နှစ် ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

## ၉.၅ - ကျန်းမာရေးလုပ်သား၏ တာဝန်နှင့်ဝတ္တရားများ (ကျန်းမာရေးလုပ်သား ၁)

ကျန်းမာရေးလုပ်သားသည် ဆေးကုသရေးကြီးကြပ်၏ လက်အောက်တွင် အလုပ်လုပ်ရမည်။ ဦးတည်လူအုပ်စု အတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ရန်တာဝန်ရှိသည်။ ဆေးကုသရေးကြီးကြပ်၏ လိုအပ် သည်များကို ကူညီဆောင်ရွက်ပေးပြီး ဆေးကုသရေးကြီးကြပ်၏ ခေါင်းဆောင်မှုအောက်တွင် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့် ကျင့်ဝတ်များအား စောင့်ထိန်း၍ တာဝန်ခံမှုရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ် တိကျလေးစားမှုရှိရမည်။ ကြီးကြပ်သူမှ တိုက်ရိုက်တာဝန်ပေးအပ်သော တာဝန်များနှင့် စီမံခန့်ခွဲမှုအဖွဲ့ မှသွယ်ဝိုက်၍ တောင်းဆိုလာ သောတာဝန်များအား ထမ်းဆောင်ရမည်။

## ၁။ ကျေးရွာရှိရောဂါများ ရှာဖွေခြင်း၊ စစ်ဆေးခြင်းနှင့် ကုသခြင်းများအား ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်ခြင်း

**၁.၁။** သွေးလွန်တုတ်ကွေး၊ ဝမ်းရောဂါအစရှိသည့် သံသယဖြစ်ဖွယ်ရှိသော ကျေးရွာရှိကူးစက်ရောဂါများအား အချိန်မှန်နှင့်ပုံမှန်လေ့လာပြီး ကြီးကြပ်ရေးမှူးများထံသို့ သတင်းပေးပို့ခြင်းများ လုပ်ဆောင်ရမည်။
**၁.၂။** ရောဂါများကာကွယ်တားဆီးရန်အတွက် စည်းရုံးလှုံ့ဆော်လှုပ်ရှားမှုများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအပြင် တစ်ခါတစ်ရံလိုအပ်လျှင် ဦးဆောင်ခြင်းများ ပြုလုပ်ရမည်။
**၁.၃။** ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

**၁.၄။** VTHCတာဝန်ခံများ၏ ကြီးကြပ်မှုအောက်တွင် VHWများနှင့်အတူ ငှက်ဖျားရောဂါ၊ တီဘီ အစရှိသော ကူးစက်ရောဂါများအား ကာကွယ်တားဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရမည်။

**၁.၅။** လိုအပ်လျှင် ဆေးကုသရေးကြီးကြပ်အား ကျေးရွာရှိ ကုသရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် (သို့မဟုတ်) ကျန်းမာရေးလှုံ့ဆော်မှုဆိုင်ရာ လုပ်ရှားမှုများတွင် ကူညီဆောင်ရွက်ပေးရမည်။

**၁.၆။** ကူးစက်ရောဂါများအတွက်ကုသမှုခံယူနေသော လူနာ(သို့မဟုတ်) မိသားစုများအား DOTS၊ ယားနာကုထုံး စသည့် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လက်ကိုင်ထားအသုံးပြု၍ ကူညီပေးရမည်။

**၁.၇။** သင့်တော်သောကြီးကြပ်မှုအောက်တွင် ဖြစ်နိုင်ခြေရှိသော ကပ်ရောဂါများဖြစ်ပွားခြင်းအား စစ်ဆေးရန် စစ်ဆေးမှုပုံစံဖြင့် အကဲဖြတ်ခြင်းပြုလုပ်ရမည်။

**၁.၈။** ဒေသတွင်း ပြုလုပ်သော CMEတိုင်းတွင် ပါဝင်ရမည်။

## ၂။ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် အခြားကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း

**၂.၁။** ကျောင်းကျန်းမာရေး (သို့မဟုတ်) ဒေသဆိုင်ရာအာဟာရမြှင့်တင်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရေနှင့်သန့်ရှင်းရေးလုပ်ဆောင်ချက်များတွင် ပါဝင်ရမည်။

**၂.၂။** ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ဆောင်မှုအတွက် ကျေးရွာစီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**၂.၃။** လုပ်ငန်းခွင်တွင်ကြုံတွေ့နိုင်သော အန္တရာယ်များအကြောင်းကို ပြည်သူများအားအသိပေးခြင်းများ ဆောင်ရွက်ရမည်။

**၂.၄။** ဖြစ်နိုင်ခြေရှိသောအန္တရာယ်များအား အချိန်မှန်ပုံမှန် သတင်းပေးရမည်။

## ၃။ လွှဲပြောင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

**၃.၁။** ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် VTHC၏တာဝန်ခံ (သို့မဟုတ်) ဆေးကုသရေးဆိုင်ရာကြီးကြပ်ကို ညှိနှိုင်းဆောင်ရွက်ရာတွင် ကူညီပေးရမည်။

**၃.၂။** လွှဲပြောင်းနိုင်သောကွန်ယက်တည်ဆောက်ခြင်းနှင့် မိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ပြောဆိုရာတွင် VTHC တာဝန်ခံအား ကူညီဆောင်ရွက်ရမည်။

**၃.၃။** တာဝန်ပေးခံရသည့်အခါ လူနာများလွှဲပြောင်းရာတွင် ကူညီပေးရမည်။

## ၄။ အစီရင်ခံခြင်းနှင့်မှတ်တမ်းတင်ခြင်း

**၄.၁။** သက်ဆိုင်ရာကြီးကြပ်ရေးမှူးများအား အစီရင်ခံစာရေးသားရန်အတွက် လိုအပ်သောအချက်အလက်များ စုဆောင်းရန်နှင့်တင်ပြရန် အတွက်တာဝန်ရှိသည်။

**၄.၂။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကို မှတ်တမ်းတင်ခြင်းနှင့်ထိန်းသိမ်းခြင်းများတွင် ပါဝင်ဆောင်ရွက်ရမည်။

**၄.၃။** IEC ပစ္စည်းများအား ပြည်သူလူထုထံဖြန့်ဝေရာတွင် ဦးဆောင်ရမည်။

**၄.၄။** မှတ်တမ်းများ ပြန်လည်သုံးသပ်ခြင်းအတွက် VTHC တာဝန်ခံတို့အား ကူညီရမည်ဖြစ်သည့်အပြင် တာဝန်ပေးအပ်သည့် ကျန်းမာရေးစင်တာအတွက် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် သင်ယူခြင်းတို့တွင် အထက်လူကြီးများနှင့် ကြီးကြပ်ရေးမှူးများအား တာဝန်ပေးအပ်သည့်အတိုင်း ပါဝင်ဆောင်ရွက်ရမည်။

## ၅။ အရည်အချင်း

- ပြည်သူ့ကျန်းမာရေးလုပ်သား သင်တန်း အဆင့်-၁ ပြီးမြောက်မှု စာရွက်စာတမ်းအား တင်ပြနိုင်ရမည်။

## ၆။ သတ်မှတ်ချက်များ

- လူသိများသော ကျန်းမာရေးအဖွဲ့အစည်း (တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း) များ၏ ကြီးကြပ်မှု အောက်တွင် CHWအလုပ်သင်အဖြစ် ပြည်သူ့ကျန်းမာရေးရာလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး ၁၂လ ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

### ၉.၆ - ကျန်းမာရေးလုပ်သား၏ တာဝန်နှင့်ဝတ္တရားများ (ကျန်းမာရေးလုပ်သားအဆင့်-၂)

ကျန်းမာရေးလုပ်သားအဆင့်-၂သည် ဆေးကုသရေးကြီးကြပ်၏ လက်အောက်တွင် အလုပ်လုပ်ရမည်။ ဦးတည် လူအုပ်စုအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ရန်တာဝန်ရှိသည်။ ဆေးကုသရေးကြီးကြပ်၏ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး ဆေးကုသရေးကြီးကြပ်၏ ခေါင်းဆောင်မှုအောက်တွင် လုပ်ဖော် ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့် ကျင့်ဝတ်များအား စောင့်ထိန်း၍ တာဝန်ခံမှုရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ်တိကျလေးစားမှုရှိရမည်။ ကြီးကြပ်သူမှ တိုက်ရိုက် တာဝန်ပေးအပ်သောတာဝန်များနှင့် စီမံခန့်ခွဲမှုအဖွဲ့မှ သွယ်ဝိုက်၍တောင်းဆိုလာသောတာဝန်များအား ထမ်းဆောင်ရမည်။

#### ၁။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု + ဆေးကုသခြင်းစောင့်ရှောက်မှု (ဆေးခန်းအထိုင်)

**၁.၁။** တာဝန်ပေးအပ်ထားသော ကျေးရွာ၊ကျန်းမာရေးဝန်ဆောင်မှုပေးရာနေရာ လွှမ်းခြုံသော ဧရိယာတွင်းရှိ ဒေသဆိုင်ရာရောဂါများနှင့် ပါတ်သတ်သည့်လုပ်ငန်းများတွင် ဆေးကုသရေးကြီးကြပ်အား ကူညီလုပ်ဆောင် ပေးရမည်။

**၁.၂။** ဆေးကုသရေးကြီးကြပ်နှင့်အတူ ရောဂါအမည်တပ်ခြင်း၊ ရောဂါရှာဖွေခြင်းလုပ်ထုံးလုပ်နည်းများအတွက် ပြင်ဆင်ခြင်းတို့ကို ပေးထားသောစစ်ဆေးသည့်ပုံစံနှင့်အညီ လုပ်ဆောင်ရမည်။

**၁.၃။** ဆေးကုသရေးကြီးကြပ်၏လက်အောက်တွင် သတ်မှတ်ထားသော လူထုအတွင်းနှင့် ဦးတည်ကျန်းမာရေး ဝန်ဆောင်မှုပေးရာနေရာ လွှမ်းခြုံသောဧရိယာအတွင်း ရောဂါကူးစက်မှု ကာကွယ်ရေးနှင့် တားဆီးရေးလုပ်ဆောင်မှု များအတွက် တာဝန်ရှိပါသည်။

**၁.၄။** အသိပညာမြှင့်တင်ခြင်း၊ လူထု ပိုမိုလက်ခံလာအောင် ဆောင်ရွက်ခြင်းနှင့် လူထုပါဝင်ဆောင်ရွက်မှုအားဖြင့် သုတေသနပြုလုပ်ခြင်း (PAR)စသည့် လူမှုအသိုင်းအဝိုင်းအား သက်ဝင်လှုပ်ရှားစေသည့် လုပ်ဆောင်မှုများတွင် ခေါင်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်မှုအားဖြင့် ဒေသအခြေပြုစီမံကိန်းတစ်ခုချင်း (ဥပမာ WATSAN၊ အသက်မွေး ဝမ်းကြောင်းစသည်ဖြင့်)စီမှ ရေရှည်တည်တံ့သော ရလာဒ်များရရှိအောင် ဆောင်ရွက်ရာတွင် ဆေးဘက်ဆိုင်ရာ ကြီးကြပ်ရေးမှူးအား ကူညီပေးရမည်။

#### ၂။ ကျေးရွာရှိရောဂါများ ရှာဖွေခြင်း၊ စစ်ဆေးခြင်းနှင့် ကုသခြင်းများအား

**၂.၁။** သွေးလွန်တုတ်ကွေး၊ ဝမ်းရောဂါအစရှိသည့် သံသယဖြစ်ဖွယ်ရှိသော ကျေးရွာရှိ ကူးစက်ရောဂါများအား အချိန်မှန်နှင့် ပုံမှန်လေ့လာပြီး ကြီးကြပ်ရေးမှူးများထံသို့ သတင်းပေးပို့ခြင်းများ လုပ်ဆောင်ရမည်။

**၂.၂။** ရောဂါများကာကွယ်တားဆီးရန်အတွက် စည်းရုံးလှုံ့ဆော်လှုပ်ရှားမှုများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခြင်းအပြင် တစ်ခါတစ်ရံလိုအပ်လျှင် ဦးဆောင်ခြင်းများ ပြုလုပ်ရမည်။

**၂.၃။** ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

**၂.၄။** VTHCတာဝန်ခံများ၏ ကြီးကြပ်မှုအောက်တွင် VHWများနှင့်အတူ ငှက်ဖျားရောဂါ၊ တီဘီ အစရှိသော ကူးစက်ရောဂါများအား ကာကွယ်တားဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရမည်။

**၂.၅။** လိုအပ်လျှင် ဆေးကုသရေးကြီးကြပ်အား ကျေးရွာရှိ ကုသရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် (သို့မဟုတ်) ကျန်းမာရေးလှုံ့ဆော်မှုဆိုင်ရာ လုပ်ရှားမှုများတွင် ကူညီဆောင်ရွက်ပေးရမည်။

၂.၆။ ကူးစက်ရောဂါများအတွက်ကုသမှုခံယူနေသော လူနာ(သို့မဟုတ်) မိသားစုများအား DOTS၊ ယားနာကုထုံးစသည့် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လက်ကိုင်ထားအသုံးပြု၍ ကူညီပေးရမည်။

၂.၇။ သင့်တော်သောကြီးကြပ်မှုအောက်တွင် ဖြစ်နိုင်ခြေရှိသော ကပ်ရောဂါများဖြစ်ပွားခြင်းအား စစ်ဆေးရန် စစ်ဆေးမှုပုံစံဖြင့် အကဲဖြတ်ခြင်းပြုလုပ်ရမည်။

၂.၈။ ဒေသတွင်း ပြုလုပ်သော CMEတိုင်းတွင် ပါဝင်ရမည်။

**၃။ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် အခြားကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း**

**၃.၁။** ကျောင်းကျန်းမာရေး (သို့မဟုတ်) ပြည်သူလူထုအတွင်းအာဟာရမြှင့်တင်ခြင်းနှင့် ပြည်သူလူထုအတွင်း ရေနှင့်သန့်ရှင်းရေး လုပ်ဆောင်ချက်များတွင် ပါဝင်ရမည်။

**၃.၂။** ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ဆောင်မှုအတွက် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**၃.၃။** လုပ်ငန်းခွင်တွင်ကြုံတွေ့နိုင်သော အန္တရာယ်များအကြောင်းကို ပြည်သူများအားအသိပေးခြင်းများ ဆောင်ရွက်ရမည်။

**၃.၄။** ဖြစ်နိုင်ခြေရှိသောအန္တရာယ်များအား အချိန်မှန်ပုံမှန် သတင်းပေး ရမည်။

**၄။ လွှဲပြောင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**

**၄.၁။** ဆေးကုသရေးကြီးကြပ်နှင့်အတူ လူနာလွှဲပြောင်းသည့်ကိစ္စအား ဆုံးဖြတ်ချက်ချရာတွင် ကူညီခြင်း (သို့မဟုတ်) လေ့လာခြင်းများ အတူတကွလုပ်ဆောင်ရမည်။

**၄.၂။** ဆေးကုသရေးကြီးကြပ်၏လက်အောက်တွင် လူနာလွှဲပြောင်းသည့်လုပ်ငန်းစဉ်အား စီစဉ်ပေးရမည်။

**၄.၃။** ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် VTHC၏ တာဝန်ခံ(သို့မဟုတ်) ဆေးကုသရေးဆိုင်ရာကြီးကြပ်ကို ညှိနှိုင်းကူညီဆောင်ရွက်ရမည်။

**၄.၄**။ လွှဲပြောင်းနိုင်သောကွန်ယက်တည်ဆောက်ခြင်းနှင့် မိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ပြောဆိုရာတွင် VTHC တာဝန်ခံနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**၄.၅။** တာဝန်ပေးခံရသည့်အခါ လူနာများလွှဲပြောင်းရာတွင် ကူညီပေးရမည်။

**၅။ အစီရင်ခံခြင်းနှင့်မှတ်တမ်းတင်ခြင်း**

**၅.၁။** သက်ဆိုင်ရာကြီးကြပ်ရေးမှူးများအား အစီရင်ခံစာရေးသားရန်အတွက် လိုအပ်သောအချက်အလက်များ စုဆောင်းတင်ပြရန် အတွက်တာဝန်ရှိသည်။ ထို့အပြင် သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံသို့ နှုတ်ဖြင့်အစီရင်ခံခြင်း၊ လစဉ်အစီရင်ခံစာ ပေးပို့ခြင်းများ လုပ်ဆောင်ရမည်။

**၅.၂။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကို မှတ်တမ်းတင်ခြင်းနှင့်ထိန်းသိမ်းခြင်းများတွင် ပါဝင်ဆောင်ရွက်ရမည်။

**၅.၃။** IEC ပစ္စည်းများအား ပြည်သူလူထုထံဖြန့်ဝေရာတွင် ဦးဆောင်ရမည်။

**၅.၄။** မှတ်တမ်းများ ပြန်လည်သုံးသပ်ခြင်းအတွက် VTHCတာဝန်ခံတို့အား ကူညီရမည်ဖြစ်သည့်အပြင် တာဝန်ပေးအပ်သည့် ကျန်းမာရေးစင်တာအတွက် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် သင်ယူခြင်းတို့တွင် အထက်လူကြီးများနှင့် ကြီးကြပ်ရေးမှူးများအား တာဝန်ပေးအပ်သည့်အတိုင်း ပါဝင်ဆောင်ရွက်ရမည်။

**၆။ အရည်အချင်း**

- ကျန်းမာရေးလုပ်သားအဆင့်-၂သင်တန်းအား ပြီးမြောက်ခြင်း စာရွက်စာတမ်းများတင်ပြနိုင်ရမည်။

**၇။ သတိမှတ်ချက်များ**

- ပြည်သူ့ကျန်းမာရေးလုပ်သားရာထူးဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၂နှစ်ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်

## ၉.၇ - မိခင်နှင့်ကလေး ကျန်းမာရေးလုပ်သား၏ တာဝန်နှင့်ဝတ္တရားများ

မိခင်နှင့်ကလေးကျန်းမာရေးလုပ်သားသည် မိခင်နှင်ကလေးကျန်းမာရေးကြီးကြပ်၏ လက်အောက်တွင် အလုပ်လုပ်ရမည်။ ဦးတည်လူအုပ်စုအတွက် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တာဝန်ယူရမည်။ မိခင်နှင်ကလေးကျန်းမာရေးကြီးကြပ်၏ လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးပြီး မိခင်နှင့်ကလေးကျန်းမာရေး ကြီးကြပ်၏ လက်အောက်တွင် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရမည်။ ဆေးဘက်ဆိုင်ရာပညာရှင်တို့၏ နီတိနှင့်ကျင့်ဝတ်များအားစောင့်ထိန်း၍ တာဝန်ခံမှုရှိရမည်။ တက်တက်ကြွကြွနှင့် အလုပ်အပေါ်တိကျလေးစားမှုရှိရမည်။ ကြီးကြပ်သူမှ တိုက်ရိုက်တာဝန်ပေးအပ်သော တာဝန်များနှင့်စီမံခန့်ခွဲမှုအဖွဲ့ မှသွယ်ဝိုက်၍ တောင်းဆိုလာသောတာဝန်များအား ထမ်းဆောင်ရမည်။

### ၁။ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု

**၁.၁။** ကျေးရွာရှိ ကိုယ်ဝန်ဆောင်ချိန်နှင့် ကိုယ်ဝန်ဆောင်ပြီးချိန်စောင့်ရှောက်ခြင်းအားလုံးတို့ကို လုပ်ငန်းခွင်နှင့် ကွင်းဆင်း နှစ်နေရာလုံးတွင် ပြည့်စုံစွာဖြင့် ဆောင်ရွက်ရာတွင်တာဝန်ရှိသည်။

**၁.၂။** အရေးကြီးသောရောဂါလက္ခဏာများမှတ်တမ်းတင်ခြင်း၊ ရောဂါရာဇဝင်ယူခြင်းနှင့် စမ်းသပ်စစ် ဆေးခြင်း၊ ရောဂါရှာဖွေခြင်း လုပ်ထုံးလုပ်နည်းများအတွက်ပြင်ဆင်ခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက် လိုအပ်သောပုံစံများ ဖြည့်စွက်ခြင်းများအား ဆောင်ရွက်ပေးရန် အပြည့်အဝတာဝန်ရှိသည်။

**၁.၃။** မရှိမဖြစ်လိုအပ်သော မွေးကင်းစကလေးစောင့်ရှောက်ရေးနှင့်အတူ ရိုးရိုးပုံမှန်ကလေး မီးဖွားခြင်းအား လုပ်ငန်းခွင်အတွင်းနှင့် ကွင်းဆင်းဆောင်ရွက်မှု နှစ်နေရာလုံးတွင် အဆင်သင့် ပြင်ဆင်ထားရမည်။

**၁.၄။** မိခင်နှင့်မွေးကင်းစကလေးများတွင် ဖြစ်ပွားနိုင်သောပြဿနာများအား ချက်ခြင်းကာကွယ်ရန် တာဝန်ရှိသည်။

**၁.၅။** ဆေးရုံးတက်ခြင်းနှင့် ဆေးရုံးဆင်းခြင်းများ၊ ကလေးမီးဖွားခြင်းများ သေဆုံးခြင်းများ (မိခင်နှင့်ကလေး) သို့မဟုတ် မီးဖွားခြင်းနှင့်သက်ဆိုင်သောရောဂါများ အားလုံးကို မှတ်တမ်းတင်ရမည်။

**၁.၆။** မွေးမှတ်တမ်းရယူနိုင်ရေးအတွက် ကူညီရန်တာဝန်ရှိသည်။

**၁.၇။** မွေးကင်းစကလေးများ၊ ကလေးငယ်များနှင့် အတွင်းလူနာဌာန(သို့မဟုတ်) ပြင်ပလူနာဌာနရှိ မီးဖွားပြီးခါစမိခင်များအား ပုံမှန်စောင့်ရှောက်ရေးတွင် ဦးဆောင်၍လုပ်ဆောင်ရမည်။

**၁.၈။** အကယ်၍ အရေးပေါ်အခြေအနေ(သို့မဟုတ်) ရှုပ်ထွေးခက်ခဲသောသားဖွားမှုမျိုးအား သားဖွားနေစဉ် အတွင်း မည်သည့်အခြေအနေတွင်မဆိုတွေ့ရှိခဲ့လျှင် ကုသမှုချက်ခြင်းစတင်ခြင်းနှင့် လွှဲပြောင်းမှုလုပ်ဆောင်ခြင်းတို့ ပြုလုပ်ရမည်။

**၁.၉။** မွေးပြီးစ မိခင်သစ်များအား မှန်ကန်သောနို့တိုက်ကျွေးမှုပုံစံအား လေ့ကျင့်ပေးရမည်။

**၁.၁၀။** ပေါင်ချိန်မပြည့်သောကလေးများကို အထူးစောင့်ရှောက်မှုပေးပြီး ၎င်းတို့၏မိခင်များအား ကလေးကို မည်သို့ကိုင်တွယ်ဂရုစိုက်ရမည်ကို ကူညီသင်ပြပေးရမည်။

**၁.၁၁။** လေ့ကျင့်သင်ကြားထားသော ဒေသခံလက်သည်များအား နောက်ဆုံးပေါ် စောင့်ရှောက်မှုများ၊ ကုသမှုလုပ်ထုံးလုပ်နည်းများနှင့် မိခင်နှင့်ကလေးကျန်းမာရေးနှင့်ဆက်နွယ်သောကိစ္စများအား အသိပေးခြင်း စသည်တို့ လုပ်ဆောင်ရမည်။

**၁.၁၂။** လေ့ကျင့်သင်ကြားထားသော ဒေသခံလက်သည်များအား လိုအပ်သည်များကို လမ်းညွှန်ပြသရမည်။

**၁.၁၃။** ကိုယ်ဝန်ဆောင်မိခင်များလိုအပ်သည့် အာဟာရမြှင့်တင်သည့်ပစ္စည်းများဖြန့်ဝေပေးရန် တာဝန်ရှိသည်။

**၁.၁၄။** ဒေသတွင် ပြုလုပ်သော CMEတိုင်းတွင် ပါဝင်ရမည်။

## ၂။ ကာကွယ်ဆေးထိုးခြင်း

**၂.၁။** ကာကွယ်ဆေးထိုးခြင်း စည်းရုံးလှုပ်ရှားမှုတွင် မိခင်နှင့်ကလေးကျန်းမာရေးကြီးကြပ်၏ အကူအညီဖြင့် အခြားအဖွဲ့အစည်းများမှကျန်းမာရေးလုပ်သားများ (သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ပေါင်းစည်းဆောင်ရွက်ခြင်းနှင့် ပူးတွဲလုပ်ဆောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။

**၂.၂။** ကာကွယ်ဆေးထိုးသည့်စီမံကိန်းများတွင် ကာကွယ်ဆေးများအတွက် အပူချိန်ထိန်းညှိသိမ်းဆည်းသယ်ဆောင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် တာဝန်ရှိပါသည်။

## ၃။ ကျန်းမာရေးပညာပေးခြင်း နှင့် နစ်သိမ့်ဆွေးနွေးပညာပေးခြင်း

**၃.၁။** မျိုးဆက်ပွားနိုင်သောအရွယ်များကို မိသားစုစီမံကိန်းကျန်းမာရေးပညာပေးရမည်။

**၃.၂။** မွေးကင်းစကလေးများ၏မိဘများအတွက် မိသားစုစီမံကိန်းများအား အကြံပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးရမည်။ အကယ်၍ လိုအပ်လျှင် သားဆက်ခြားနည်းလမ်းများအကြောင်း သင်တန်းပေးခြင်းနှင့် လိုအပ်မည့်သားဆက်ခြားပစ္စည်းများ ထောက်ပံ့ပေးရမည်။

**၃.၃။** မိခင်များကို မှန်ကန်သောအာဟာရဖြည့်တင်ခြင်းနှင့်ဆိုင်သော အသိပညာပေးရမည်။

**၃.၄။** ကလေးမီးဖွားပြီးချိန် မီးဖွားပြီးစမိခင်နှင့် မိသားစုဝင်များအား စိတ်ပိုင်ဆိုင်ရာအကြံပေး ဆွေးနွေးခြင်းအားလုပ်ဆောင်ရမည်။

**၃.၅။** အသက်အရွယ်အပိုင်းအခြားကိုလိုက်၍ အထူးလိုအပ်သော သီးခြားအကြံပေးဆွေးနွေးမှုများ ပြုလုပ်ရမည်။

## ၄။ လူနာလွှဲပြောင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

**၄.၁။** ကျေးရွာကျန်းမာရေးကော်မတီ (သို့မဟုတ်) အခြားစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများတွင် VTHCတာဝန်ခံ (သို့မဟုတ်) မိခင်နှင့်ကလေးကြီးကြပ်တို့ကို ကူညီဆောင်ရွက်ရမည်။

**၄.၂။** မိခင်နှင့်မွေးကင်းစကလေးအား လွှဲပြောင်းပေးရန်ကွန်ယက်တည်ဆောက်ရန်အတွက် VTHCတာဝန်ခံနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်။

**၄.၃**။ တာဝန်ပေးထားသော လူနာအားလွှဲပြောင်းရာတွင် ကူညီရမည်။

## ၅။ အစီရင်ခံခြင်းနှင့် မှတ်တမ်းတင်ခြင်း

**၅.၁။** လူနာမှတ်တမ်းစာအုပ်များ၊ ထုထုကျန်းမာရေးနှင့် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းများ၊ ကျန်းမာရေးမြှင့်တင်ရေး လှုပ်ရှားမှုအစီရင်ခံစာများ၊ ကိုယ်အလေးချိန် ကြီးထွားမှုမှတ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆိုင်သော စာရွက်စာတမ်းများစသည့် လိုအပ်သည်များကို မှတ်တမ်းတင်ခြင်းနှင့်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် ပါဝင်ရမည်။

**၅.၂။** ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်၅နှစ်အောက်ကလေးငယ်များ၊ ANC, မီးဖွားခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ မွေးမှတ်တမ်းများ၊ မိခင်သေနှုန်း၊ မွေးကင်းစသေဆုံးနှုန်းနှင့် ၅နှစ်အောက်ကလေးသေဆုံးနှုန်းဆိုင်ရာစာရင်းများ ကောက်ယူစုဆောင်းရမည်။

**၅.၃။** သက်ဆိုင်ရာကြီးကြပ်ရေးမှူးများအား အစီရင်ခံစာရေးသားရန်အတွက် လိုအပ်သောအချက်အလက်များစုဆောင်းတင်ပြရန် အတွက်တာဝန်ရှိသည်။ ထို့အပြင် သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံသို့ နှုတ်ဖြင့်အစီရင်ခံခြင်း၊ လစဉ်အစီရင်ခံစာပေးပို့ခြင်းများ လုပ်ဆောင်ရမည်။

**၅.၄။** မှတ်တမ်းများ ပြန်လည်သုံးသပ်ခြင်းအတွက် ကြီးကြပ်ရေးမှူးအား ကူညီရမည်ဖြစ်သည့်အပြင် တာဝန်ပေးအပ်သည့် ကျန်းမာရေးစင်တာအတွက် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် သင်ယူခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရမည်။

## ၆။ အရည်အချင်း

- မိခင်နှင့်ကလေးကျန်းမာရေးလုပ်သားသင်တန်းပြီးမြောက်မှု စာရွက်စာတမ်းများ တင်ပြနိုင်ရမည်။

**၇။ သတ်မှတ်ချက်များ**

- လူသိများသော ကျန်းမာရေးအဖွဲ့အစည်း (တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း) များတွင် (သားဖွားခြင်းနှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်မှုနှင့်ဆိုင်သော) လက်တွေ့လေ့ကျင့်ရေးများပြုလုပ်ခဲ့ပြီး မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၄)လ ရှိရမည်။
- ဒေသသုံးဘာသာစကား မဖြစ်မနေပြောဆိုတတ်ကျွမ်းရမည်ဖြစ်သည်။ ဗမာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပြီး အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင် လျှင်ပိုမိုကောင်းမွန်သည်။

## Section 10: Retention strategies

| | WHO GUIDANCE | JOINT STRATEGY |
|---|---|---|
| TRAINING | Targeting admissions to increase the likelihood of graduates choosing to practice in isolated areas | Community nomination of trusted persons for training as village and community health workers |
| | | Deployment of health workers to match their home community |
| | Locating schools and residency programs outside of cities | Transitioning training from cross-border training center to field clinics |
| | Revising curricular to include topics relevant to context | Refresher/upgrade trainings on relevant health problems |
| | | New curricular for field monitoring and management |
| | Design of relevant professional development accessible from where they live and work | Transition of CHW trainings to district sites |
| | | Provision of monitoring workshops at field sites |
| FINANCIAL INCENTIVES | Sustainable financial incentives to outweigh opportunity costs | Review and standardizing stipends |
| | | Non-monetary support – rations, housing support. |
| PERSONAL AND PROFESSIONAL SUPPORT | Provide a safe working environment | Taking advantage of improved security situation in transport arrangements |
| | | Mental health training for self-care and peer support |
| | | Continue supportive supervision |
| | | Improve Multi-Level Communication – Complain and feedback |
| | | Standardizing health worker to population ratios and geographical area. |
| | Provide career development opportunities in isolated areas | Decentralizing decision-making, where appropriate, to district and clinic levels |

| | | |
|---|---|---|
| | | Participatory approach, feedback and learning action |
| | Adopt public recognition measures | Health workers recognized at community events |
| | Adopt public recognition measures | Development and empowerment of village health committees |
| POLICY | Introduce and regulate enhanced scopes of practice | Standardizing key competencies across partners |
| | Compulsory service requirements are accompanied by support and incentives | Linking training opportunities to compulsory service requirements for both field and administrative staff |
| | | Providing opportunities for advancement for all capable staff<br>Equal opportunity for Promotion base on competency and commitment |
| | Providing education subsidies to increase recruitment | Advocating to donors for provision of scholarships to suitably motivated ethnic health workers<br>Follow the HR carrier pathway for the development of Health Worker capacity building. |
| | Introduce different types of health workers with appropriate training and regulation | Adopting task shifting approach |

## Updates and Amendment

## Related Documents and Templates

1. Performance Appraisal
2. Competency Checklist (clinical)
3. Reporting Template (will be attached as annex)
4. Contract Template (will be attached as annex)